ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့၊ (15-1-2007) (၅၂၀၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ခြင်းစီမံချက် အသက်ကိုးလမှ ငါးနှစ်အောက်ကလေး စုစုပေါင်း ခုနစ်သန်းကျော်ကို ကာကွယ်ဆေးထိုးနှံပေးမည်

ရန်ကုန်　　ဇန်နဝါရီ　　၁၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပသည့် မြန်မာနိုင်ငံ ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက်(၂၀၀၇) (Comprehensive Strategies Package for Measles Control in Myanmar -2007) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများ၊ သူနာပြုအုပ်များ၊ သူနာပြုဆရာမကြီးများ၊ သူနာပြုများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များ ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး အထိမ်းအမှတ် ပြခန်းကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror　အမေရိကန်၏အားထုတ်မှု ရေစုန်မျောသွားပြီ

❒ **မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်မှု၊ ဒီမိုကရေစီအသွင်ကူးပြောင်းနေမှု၊ နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ပြီး အကျိုးတူပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တိုင်းတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နေသူများ၊ နေ့စဉ်နှင့်အမျှ တွေ့မြင်လေ့လာ သိရှိနေသူများ၊ ဖြစ်ထွန်းလာသော အကျိုးစီးပွားရလဒ်များကို ၁၉၈၈ ကာလများနှင့်မတူ တစ်မူထူးခြားစွာ ရရှိခံစားနေရသော တိုင်းရင်းသားပြည်သူများနှင့် တကွ မြန်မာနိုင်ငံသို့ လာရောက်လေ့လာဖူးသူတိုင်း နားလည်သိရှိသဘောပေါက်။**

တက္ကသိုလ်မြတ်သူ၏ **“ကုလသမဂ္ဂကို တလွဲအသုံးချပြီး မြန်မာနိုင်ငံကို ဒုက္ခပေးလိုသည့် အမေရိကန်၏ အားထုတ်မှု ရေစုန်မျောသွားပြီ”** (ဆောင်းပါး)

စာမျက်နှာ— ၈၊ ၉၊

သာယာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၅-၁-၂၀၀၇ (တနင်္လာနေ့)

မြန်မာ့ပြည်တွင်းရေးကို စွက်ဖက်ခြယ်လှယ်ရန်အားထုတ်ခဲ့သော အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်ကန်သောလုပ်ရပ် ပျက်ပြားသွားပြီ

မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်နှင့်အညီ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံလျက်ရှိသည်။ နိုင်ငံတစ်ဝန်း အေးချမ်းတည်ငြိမ်လျက်ရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

သို့သော် အမေရိကန်က မြန်မာနိုင်ငံ၏အရေးကိစ္စများသည် ဒေသတွင်း၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သည်ဟူသော အကြောင်းပြချက်ဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဖိအားပေးလုပ်ဆောင်ခဲ့သည်။

အမေရိကန်အစိုးရသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ဗြိတိန်နိုင်ငံနှင့်ပူးပေါင်းပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံ၏အရေးကိစ္စအပေါ် ဆုံးဖြတ်ချက် ချမှတ်အရေးယူနိုင်ရေးအထိ ဆက်လက်အားထုတ်လာသည်ကို တွေ့ရသည်။

ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များနှင့် ပြည်ပြေးသောင်းကျန်းသူများကလည်း အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေးလုပ်ဆောင်နေမှုကို ဝမ်းသာအားရကြိုဆိုထောက်ခံခဲ့ကြပြီး အမေရိကန်အစိုးရ၏ မမှန်မကန်စွပ်စွဲမှုလုပ်ရပ်များနှင့်အတူ အတိုင်အဖောက်ညီညီ ချိန်ကိုက်ပါဝင်လှုပ်ရှားခဲ့ကြသည်။

အမေရိကန်နှင့် ဗြိတိန်တို့ ဦးဆောင်တင်သွင်းခဲ့သည့် မြန်မာနိုင်ငံအရေးကိစ္စ အဆိုပြုချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်ခဲ့ရာ လုံခြုံရေးကောင်စီအဖွဲ့ဝင် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ဂါနာ၊ ပီရူး၊ ဆလိုဗက်ကီးယား၊ ပနားမားနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့က ထောက်ခံမဲပေးကြသော်လည်း လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကသမ္မတ နိုင်ငံတို့က ကန့်ကွက်မဲပေးခဲ့ကြပြီး အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာသုံးနိုင်ငံတို့က ကြားနေမဲပေးခဲ့ကြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အမေရိကန်နှင့် ဗြိတိန်တို့၏ အားထုတ်မှုကို အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံတွင်ပါဝင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ Double Veto သုံးပြီး ပယ်ချခဲ့ကြသည်။

ယခုအခါ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုပင် ခုတုံးလုပ်အသုံးချရန် ကြိုးပမ်းအားထုတ်ခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ မဟုတ်မမှန်လုပ်ကြံစွပ်စွဲခဲ့သော တစ်ဖက်သတ်လုပ်ရပ်သည် အရာမထင် ပျက်ပြားသွားခဲ့ပြီဖြစ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ အရေးကိစ္စသည် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စသာဖြစ်ရာ ဒေသတွင်း၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုခြိမ်းခြောက်ရာ မရောက်သဖြင့် လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ အရေးကိစ္စတွင် ပါဝင်ပတ်သက်ဆောင်ရွက်ရန် မလိုအပ်ကြောင်း ရှုမြင်သုံးသပ်ရပေသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ မိဘများအား ရည်စူး၍ ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မာလာနွယ်လမ်းနေ ဒေါ်မေခင်စိန်နှင့်သား ကိုကျော်ဇေယျာဝေ၊ သမီး မစိမ်းလဲ့ဝင်း၊ ညီမ ဒေါ်မေကိုစိန်မိသားစုက အလှူတော်ငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စာပေဆုနှင်းသဘင် တက်ရောက်ရေး သတင်းပို့ရန် ဆုရသူများအား နှိုးဆော်

နေပြည်တော် ဇန်နဝါရီ ၁၄

၂၀၀၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသား စာပေဆု၊ စာပေဗိမာန်စာမူဆု၊ (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်စာပေနှင့် ဓာတ်ပုံပြိုင်ပွဲဆုတို့အတွက် ဆုနှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၃၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဇန်နဝါရီ ၂၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပမည့် အစမ်းလေ့ကျင့်ပွဲသို့ စာပေဆုရသူတိုင်း မပျက်မကွက် တက်ရောက်ကြရမည်ဖြစ်ရာ စာပေဆုရရှိသူများသည် ဇန်နဝါရီ ၂၈ ရက်ည နောက်ဆုံးထား၍ အရောက်လာကြရန်ဖြစ်သည်။

စာပေဆုရသူများအတွက် ကြိုဆိုပို့ဆောင်ရေးနှင့် တည်းခိုနေရာချထားရေး အစီအစဉ်များပါရှိသဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖုန်း (၀၆၇)၄၁၂၀၂၅၊၄၁၂၀၂၇၊ ၄၁၂၃၇၆နှင့် (၀၁) ၂၄၀၀၄၈ တို့သို့ ဆက်သွယ်သတင်းပို့ကြရန်ဖြစ်ကြောင်း သိရသည်။

(၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲဆုရရှိသူများသည် ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး (မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)သို့ ဆက်သွယ်သတင်းပို့ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာကေတမြို့နယ် ရတနာပုံ (၈)လမ်း နဝရတ်ဥယျာဉ်နေ ဦးညွန့်ဝေ၏ (၄၉)နှစ်ပြည့်မွေးနေ့ အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းအောင် လက်ခံယူစဉ်။ (က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃) ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၄

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃)တွင်ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ မြန်မာ့အရေးကိစ္စ လုံခြုံရေးကောင်စီအဆိုမူကြမ်းကို သဘောမတူကြောင်း အင်ဒိုနီးရှားနိုင်ငံကပြောကြား၊ သဘာဝဓာတ်ငွေ့သုံး မီနီဘတ်စ်များတင်သွင်းခရီးသွားလုပ်ငန်းများက ဝယ်ယူအသုံးပြု၊ ဩစတြေးလျနိုင်ငံတွင် ပညာသင်ရင်း အလုပ်လုပ်ခွင့်ရပြီ၊ အဲပုဂံ ပြည်တွင်းလက်မှတ်အရောင်းကောင်တာ မြန်မာ့လေကြောင်းဌာန အဆောက်အအုံတွင် ဖွင့်လှစ်၊ စီအင်န်ဂျီအရောင်းဆိုင်သစ်များအတွက် အရည်အသွေးမြင့်ဓာတ်ငွေ့ဖြည့်ကိရိယာများတပ်ဆင်မည်စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာသည်။

'အာစင်ဝင်းဂါးနှင့် ဖလားနှစ်လုံးအိပ်မက်' အားကစားဆောင်းပါးနှင့်အတူ ပြည်ပအခြေချ တရုတ်လူမျိုးများ ပြည်တော်ပြန်လာရေး တရုတ်အစိုးရအားထုတ်၊ အရေပြားအောက်အဆီထဲမှ အသည်းကလာပ်စည်း ဂျပန်သုတေသီများ ဖန်တီးနိုင်၊ လုံခြုံရေးတိုးမြှင့်ရန် ရုပ်မြင်စနစ်များ ထိုင်းနိုင်ငံတွင် တိုးချဲ့တပ်ဆင်၊ အမေရိကန်ဈေးကွက်၌ တိုယိုတာသည် တတိယနေရာ ရောက်လာစသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

ဦးဖိုးထူးလမ်း မိသားစု ဓမ္မပူဇနီယပွဲတော်

ရန်ကုန် ဇန်နဝါရီ ၁၄

(၃၁)ကြိမ်မြောက် ကြည့်မြင်တိုင်မြို့နယ် ဦးဖိုးထူးလမ်းမိသားစုများ၏ ဓမ္မပူဇနီယပွဲတော်တွင် ဇန်နဝါရီ ၁၇ ရက်တွင် ဆရာတော်ဦးဇဋိလ (မဟာဓမ္မကထိက၊ ဗဟုဇနဟိတရေ)၊ ၁၈ ရက်တွင် သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ (သာသနဓဇ ဓမ္မာစရိယ၊ ဗဟုဇနဟိတရေ၊ သဒ္ဓမ္မဇောတိကဓဇ)၊ ၁၉ ရက်တွင် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)၊ ၂၀ ရက်တွင် အရှင်တေဇာနန္ဒ (သာသနဓဇဓမ္မာစရိယ၊ ရွှေညဝါအကျိုးတော်ဆောင်)၊ ၂၁ ရက်တွင် ဘဒ္ဒန္တတေဇဝန္တ(ဓမ္မာစရိယ၊ဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိက)၊ ၂၂ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ (သုံးဘွဲ့ရ ဓမ္မာ စရိယ)၊ ၂၃ရက်တွင် ဘဒ္ဒန္တကုသလ (ပျော်ဘွယ်ကြီး) (သာသန ဓဇဓမ္မာစရိယ၊ ဓမ္မကထိက)၊ ၂၄ ရက်တွင် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) (တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက)၊ ၂၅ရက်တွင် ဘဒ္ဒန္တဇာဂရ (ခိုင်ရွှေဝါ) (သာသနဓဇ၊ ဓမ္မာစရိယ၊ ဓမ္မကထိက)၊ ၂၆ရက်တွင် အရှင် ရာဇိန္ဒ(ရဝေနွယ်-အင်းမ)(သာသနဓဇ၊ ဓမ္မာစရိယ)နှင့် ၂၇ရက်တွင် အရှင်ပညာသီဟ (ရွှေညဝါဆရာတော်) (ဓမ္မာ စရိယ၊ ဂဏဝါစက၊ ဓမ္မကထိက) တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ ဟန်စိန်သန့်ထရေးဒင်း၏ ပံ့ပိုးကူညီမှုဖြင့် ဇန်နဝါရီ ၂၀ရက်(စနေနေ့)မွန်းလွဲ ၂နာရီခွဲတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခ ဒေါ်လှမြင့်(ငြိမ်း)က စီးပွားရေးလုပ်ငန်းမဟာဗျူဟာခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အင်းစိန် အထက(၁) ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၆ ရက်က ရောခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကြည်က သတ္တမတန်း၌ ဘာသာစုံ ပထမ၊ ကျောင်းအဆင့် ဒုတိယ၊ ဘက်စုံထူးချွန် ကျောင်းလုပ်ငန်း တတိယဆုရ မဇင်မေထွန်းအား ဆုချီးမြှင့်စဉ်။ (ဖြ၁)

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇ ခုနှစ် ပညာရေးစုံညီပွဲတော်၊ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၆ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာ ဂုဏ်ထူးရ ကျောင်းသူ မဖြိုးအိမ်စီအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ငွေ ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေကျပ်တစ်သိန်း ချီးမြှင့်စဉ်။ (ပညာရေး)

ရှောင်လေဝေးဝေး မူးယစ်ဆေး

✱ ရှေ့ဖုံးမှ

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က အဖွင့်အမှာ စကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံတော်အတွင်းမှာရှိသည့် ငါးနှစ် အောက်ကလေးသေဆုံးနှုန်း၊ တစ်နှစ်အောက်ကလေး သေဆုံးနှုန်းတို့ကို လျှော့နည်းကျဆင်းသွားအောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း။

ငါးနှစ်အောက်နှင့်တစ်နှစ်အောက်ကလေးများသေဆုံးမှုကို ဖြစ်ပေါ်စေသည့် အချို့သောရောဂါများသည် ကာကွယ်ဆေးဖြင့် ကာကွယ်ပေးနိုင်ကြောင်း။

ထို့ကြောင့် ကာကွယ်ဆေးဖြင့်ကာကွယ်နိုင်သည့် ရောဂါခုနစ်မျိုးမှ ကင်းဝေးစေရေးအတွက် နှစ်စဉ်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်တကွ နီးနွယ်နေသော ဝန်ကြီးဌာနအသီးသီးနှင့် ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့၏ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုများကြောင့် ကာကွယ်ဆေးထိုးလုပ်ငန်းကို တောင်ပေါ်၊ မြေပြန့်၊ နယ်စပ်ဒေသများပါမကျန် မြို့နယ်အားလုံးတွင် ဆောင်ရွက်ပေးနေကြောင်း။

ထိပ်ဆုံးမှပြေးနေ

ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများကြောင့် သေဆုံးသူစုစုပေါင်း၏ ၅၀ရာခိုင်နှုန်းမှ ၆၀ရာခိုင်နှုန်းမှာ ဝက်သက်ရောဂါကြောင့်ဖြစ်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့်တစ်ကမ္ဘာလုံးအနေဖြင့် ဝက်သက်ရောဂါသည် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများကြောင့် သေဆုံးမှုတွင်ထိပ်ဆုံးမှပြေးနေသောရောဂါအဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ဝက်သက်ရောဂါဖြစ်ပွားသေဆုံးမှုလျှော့ချနိုင်ရေးနှင့် မြန်မာ့ရင်သွေးငယ်များ ကာကွယ်ဆေးထိုးအခွင့်အလမ်းပိုမိုရရှိစေရေးအတွက် "ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက်"ကို ယခုနှစ်တွင် စတင်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

၂၀၀၇ ခုနှစ် မြန်မာနိုင်ငံ၌ ဆောင်ရွက်မည့် "ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ခြင်းစီမံချက်" ကို ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသက်ကိုးလမှ ငါးနှစ်အောက်ကလေးစုစုပေါင်း ခုနစ်သန်းကျော်ကို ဝက်သက်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးသွားမှာဖြစ်ကြောင်း၊ ယင်းသို့ထိုးနှံပေးရာတွင် ပထမအသုတ်အဖြစ် ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၄ရက်မှ ၂၇ရက်နေ့အထိ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင်လည်းကောင်း၊ ဒုတိယအသုတ်အဖြစ် မတ်လတွင် ပြည်နယ်အားလုံး၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင်လည်းကောင်း၊ တတိယအသုတ်အဖြစ်မေလတွင် ကျန်ရှိနေသောတိုင်းများဖြစ်သည့် မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးအဖွဲ့ပေါင်း တစ်သောင်းနှစ်ထောင်နှင့် ကာကွယ်ဆေးထိုးအဖွဲ့ဝင်ပေါင်း ခြောက်သောင်းခန့်ရှိမည်ဖြစ်ကြောင်း။

"ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေးစုစည်းမဟာဗျူဟာများ အကောင်အထည်ဖော် ခြင်းစီမံချက်" အတွက် လိုအပ်သည့် ဝက်သက်ကာကွယ်ဆေးနှင့် ဆေးထိုးကိရိယာပစ္စည်းများ ကူညီထောက်ပံ့ပေးသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ United Nations Foundation၊ IFRC (International Federation of Red Cross and Red Crescent Societies)၊ CDC (Centers for Disease Control and Prevention) အဖွဲ့များကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း။

ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေးစုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ခြင်းအားဖြင့် မြန်မာနိုင်ငံတွင်ရှိသည့် ကလေးပေါင်း ငါးသိန်းကျော် ဝက်သက်ရောဂါဖြစ်ပွားခြင်း၊ ကလေးပေါင်း နှစ်သောင်းခန့် နမိုးနီးယား (အဆုတ်ရောင်ရောဂါ) ဖြစ်ပွားခြင်း၊ ဦးနှောက်ရောင်ရောဂါဖြစ်ပွားခြင်းနှင့် ဝက်သက်ရောဂါကြောင့် သေဆုံးခြင်းမဖြစ်အောင် ကာကွယ်နိုင်မှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့မြေပြင်ပေါ်ကနေ ဝက်သက်ရောဂါကို ကင်းဝေးသွားစေရန်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ကမ္ဘာ့မိသားစုတစ်ရပ်လုံး၏ ရည်မှန်းချက်လိုအင်ဆန္ဒကြီးကို တလုံးတဝတည်း ပြီးပြည့်စုံသွားအောင် မြန်မာနိုင်ငံအနေနှင့် ကျရာအခန်းကဏ္ဍကနေ တာဝန်ကျေပွန်စွာပူးပေါင်းဆောင်ရွက်ခြင်းဖြစ်၍ မြန်မာတစ်မျိုးသားလုံးအတွက် ဂုဏ်ယူဝင့်ကြွားဖွယ် စွမ်းဆောင်မှုလည်း ဖြစ်ကြောင်း ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မြန်မာနိုင်ငံ ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက် (၂၀၀၇) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန ဧည့်ကြိုခန်းမဆောင်၌ ပြသထားသော "ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး"အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြပြီး အသက်ကိုးလမှ ငါးနှစ်အောက် ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးကြကာ ကလေးငယ်များအား ကစားစရာအရုပ်များကို လက်ဆောင်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် မော်တော်ယာဉ်များဖြင့် လှိုင်သာယာမြို့နယ် ကနောင်ခန်းမ၌ ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေးစုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံနေမှုကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့်ဧည့်သည်တော်များအား ကနောင်ခန်းမ၌ လှိုင်သာယာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်တင်တင်စိန်က လှိုင်သာယာမြို့နယ်အတွင်း အသက်ကိုးလမှငါးနှစ်အောက် ကလေးငယ်များအား ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များက အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးလာရောက်ထိုးနှံသည့် ကလေးငယ်များအား ကစားစရာအရုပ်လက်ဆောင်များကို အသီးသီးပေးကြသည်။

မှတ်တမ်းဓာတ်ပုံရိုက်

အဆိုပါ ကလေးငယ်များ ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံပေးသည့် လုပ်ငန်းတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ကူညီပံ့ပိုးဆောင်ရွက်နေမှုကို ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များက မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အလားတူ ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေးစုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက်(၂၀၀၇)အရ ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များ၌ ယနေ့နံနက်ပိုင်းတွင် တစ်ပြိုင်တည်းစတင်ဆောင်ရွက်သည်။

အဆိုပါ ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံရာသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်း၊ မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်မောင်ထွန်းနှင့်အဖွဲ့၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးနှင့် အဖွဲ့ဝင်များသည် ကာကွယ်ဆေးထိုးနှံသည့် ကလေးများနှင့် မိခင်များအား ကြည့်ရှုအားပေး၍ လိုအပ်သည်များကို ပံ့ပိုးကူညီပေးကြသည်။

ကာကွယ်ဆေးထိုးနှံပေးမည်

မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များအားလုံးတွင် ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများအကောင်အထည်ဖော်ရေး စီမံချက်အရ ဇန်နဝါရီ ၁၄ ရက်မှ ၂၃ ရက်အထိ အသက် ကိုးလမှ ငါးနှစ်အတွင်း ကလေး ၆၂၇၁၆၂ ဦး၊ ဆေးထိုးအဖွဲ့ပေါင်း ၁၀၇၅ ဖွဲ့၊ ကြီးကြပ်အဖွဲ့ ၃၉၆ ဖွဲ့တို့ဖြင့် ဝက်သက်ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်သည်။

မန္တလေးခရိုင်အတွင်း၌ အသက်ကိုးလမှ ငါးနှစ်အောက်ကလေး၁၂၅၈၆၂ ဦးကို ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ပြီး ယနေ့ကာကွယ်ဆေးထိုးနှံပြီးသည့် ကလေးများမှာ နှစ်သောင်းကျော်ဖြစ်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

လှိုင်သာယာမြို့နယ် ကနောင်ခန်းမတွင် ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။
(သတင်းစဉ်)

အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုး အစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်က ရန်ကင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်တို့ ကြည့်ရှုအားပေးကြစဉ်။
(၃၅)

အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုး အစီအစဉ်ကို ပန်းဘဲတန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ၂၈ လမ်းရှိ ပုညကုသလဓမ္မာရုံ၌ ဇန်နဝါရီ ၁၄ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့် အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လင်းအောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။
(၁၉)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅–၁–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅ ၇။ အရေးပြိုင်ပွဲ
၈:၂၅ ၈။ ကျောက်တစ်လုံး ရေကူရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Grammar Made Easy.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၀ ၄။ တေးဂီတအစီအစဉ်
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၅:၀၅ ၆။ အကပဒေသာ
၅:၁၅ ၇။ မြန်မာစာ မြန်မာစကား
၅:၃၀ ၈။ **"အားနာလိုက်တာ" (မော့စ်၊ ကျော်ဇာနည်လှိုင်၊ နန်းကလျာလှိုင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)**
၅:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အဆိုအကများ
၅:၄၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၅၀ ၁၁။ စိမ်းလန်းစိုပြည် အပူပိုင်းဒေသနယ်မြေ (မကွေးတိုင်း)
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၄။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "တောတွင်းသားငယ်လေး" (အပိုင်း–၄၂)**
၆:၅၀ ၁၅။ အလှရှာမယ်လှကမ္ဘာဝယ်
၇:၁၅ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ညီမ ငယ်ပါသေး" (အပိုင်း–၇)**
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တကယ်သဘောကျတယ်" (အပိုင်း–၁၅)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

အင်ဒိုနီးရှားနိုင်ငံ တောင်ဆူလာဝေစီဒေသ၌ ပျက်ကျသွားခဲ့သည့်လေယာဉ်အား ရှာဖွေနေသူများကို ဇန်နဝါရီ ၁၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ နိုင်ငံစုံတပ်ဖွဲ့ဆက်လက်ထားရှိခြင်းဖြင့် အမေရိကန်အတွက် ခေါင်းခဲစရာပြဿနာဖြစ်မည် ပြဿနာကိုဖြေရှင်းနိုင်မည်မဟုတ်ဟုဆို

ဘူခါရက် ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံတွင် နိုင်ငံစုံတပ်ဖွဲ့ ဆက်လက်ထားရှိခြင်းဖြင့် ယင်းနိုင်ငံ၏ ပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း၊ နိုင်ငံရေးနည်းအရသာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ရိုမေးနီးယားဝန်ကြီးချုပ် ဖိုပက်စာကျူတာရီစီယာနူက ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

ပိုမိုနှစ်သက်

အီရတ်အရေးကိစ္စနှင့် ပတ်သက်၍ မိမိအနေဖြင့်စစ်ရေးအရဖြေရှင်းမှုထက် နိုင်ငံရေးအရ ဖြေရှင်းမှုကို ပိုမိုကြိုက်နှစ်သက်သည်ဟု ၎င်းက ပြောကြားသည်။ ရိုမေးနီးယားတပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းရေးနှင့်စပ်လျဉ်း၍ ရိုမေးနီးယားနိုင်ငံ၏သဘောထားကို ပြောကြားသွားခြင်းဖြစ်သည်။

ခေါင်းခဲစရာ

အီရတ်နိုင်ငံတွင် ပြည်ပတပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိခြင်းဖြင့် အမေရိကန် အစိုးရအတွက် အကြီးအကျယ် ခေါင်းခဲစရာပြဿနာ ဖြစ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အရှေ့အလယ်ပိုင်း ပြဿနာကို ကိုင်တွယ်ရာတွင် ဒေသတွင်း နိုင်ငံများ၏ ဖွံ့ဖြိုးမှု နည်းပါးမှု အခြေအနေများကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်ဟု ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆိုမာလီယာ၌ အမေရိကန် ဗုံးကြဲတိုက်ခိုက်၍ ၇၀ သေဆုံး နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ဖော်ပြ

နိုင်ရိုဘီ ဇန်နဝါရီ ၁၄

ဆိုမာလီယာနိုင်ငံတွင်မကြာသေးမီက အမေရိကန်တပ်ဖွဲ့၏ ပစ်မှတ်မှားယွင်း တိုက်ခိုက်မှုကြောင့် ရေကြည်ရာ မြက်နုရာ လှည့်လည်သွားလာသည့် တိရစ္ဆာန်များ ထိန်းကျောင်းသူ ၇၀ သေဆုံးခဲ့ရကြောင်း အောက်စ်ဖမ် အမည်ရှိ စာနာမှု အကူအညီပေးရေး အဖွဲ့က သောကြာနေ့၌ ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

သေကျေ

အမေရိကန်တပ်ဖွဲ့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် တိရစ္ဆာန် ထိန်းကျောင်းသူများ၊ ၎င်းတို့၏ မွေးမြူရေး တိရစ္ဆာန်များ သေကျေခဲ့ရသည့်အပြင် ရေအရင်းအမြစ်များပါ ပျက်စီးခဲ့ရကြောင်း ဗြိတိန်နိုင်ငံ အခြေစိုက် အောက်စ်ဖမ်အဖွဲ့က ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ဆိုမာလီယာနိုင်ငံအက်ဖ်မာဒိုးခရိုင်တွင် အမေရိကန်တပ်ဖွဲ့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် လူ ၇၀ သေဆုံးရသည်ဟု ဒေသဆိုင်ရာ သတင်းများအရ အတည်ပြုနိုင်ကြောင်း၊ ယင်းမှာ နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။ ***အင်တာနက်။***

အရှေ့တောင်အာရှလေးနိုင်ငံ လေကြောင်းပျံသန်းရေးတိုးချဲ့မည်

စီဘူး(ဖိလစ်ပိုင်) ဇန်နဝါရီ ၁၃

ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်လေးနိုင်ငံတို့သည် ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်မည့် လုပ်ရှားမှုအရ လေကြောင်းပျံသန်းမှုတိုးချဲ့ရန် သောကြာနေ့က သဘောတူညီကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြထားသည်။

လက်မှတ်ရေးထိုး

ဖော်ပြပါ လေးနိုင်ငံအတွင်း လေကြောင်းပျံသန်းမှုတိုးချဲ့ရေးသဘောတူမှုစာချွန်လွှာကို အဆိုပါ လေးနိုင်ငံမှ ဝန်ကြီးများက ဘရူနိုင်းဇော်ဘွားဟက်ဆန်နယ်လ်ဘိုကီးယား၊ အင်ဒိုနီးရှား သမ္မတ ယူဒိုယူနို၊ မလေးရှားဝန်ကြီးချုပ် ဘာဒါဝီနှင့် ဖိလစ်ပိုင်သမ္မတ အာရိုယိုတို့၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြသည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ တတိယနေ့ အစည်းအဝေးတွင် လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။

လက်မှတ်ရေးထိုးလိုက်သည့် ဖော်ပြပါ သဘောတူညီချက်အရ အင်ဒိုနီးရှားနိုင်ငံမင်ဒါနာအိုဒေသမှ အိမ်နီးချင်း ဘရူနိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့သို့ လေကြောင်းလမ်းပွင့်သွားပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စပိန်နိုင်ငံ မဒရစ်မြို့၌ ငြိမ်းချမ်းရေးလှုပ်ရှားသူများက အကြမ်းဖက်မှုတိုက်ဖျက်ရေး တိုးမြှင့်ဆောင်ရွက်ရန် ဆန္ဒပြ တောင်းဆိုနေကြသည်ကို ဇန်နဝါရီ ၁၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပစိဖိတ်သမုဒ္ဒရာတွင် အင်အားပြင်းငလျင်လှုပ် ဆူနာမီသတိပေးချက်ထုတ်ပြန်

တိုကျို ဇန်နဝါရီ ၁၃

ပစိဖိတ်သမုဒ္ဒရာ၏အနောက်မြောက်ပိုင်းတွင် စနေနေ့က ရစ်ချ်တာစကေး ၈ ဒသမ ၃ ရှိ အင်အားပြင်းထန်သည့် ငလျင်လှုပ်သွားရာ ဆူနာမီရေလှိုင်းကျရောက်နိုင်သည့် သတိပေးချက် ထုတ်ပြန်ထားကြောင်း ဂျပန်မိုးလေဝသဌာနက ပြောကြားသည်။

ဂျပန်နိုင်ငံမြောက်ပိုင်းဟိုကိုင်းဒိုးကျွန်း၏ အရှေ့ပိုင်းဒေသတွင် ဆူနာမီသတိပေးချက် ထုတ်ပြန်ထားသည်။ ငလျင်သည်မွန်းလွဲ ၁နာရီ ၂၄မိနစ်က လှုပ်ခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ ပစိဖိတ်သမုဒ္ဒရာကမ်းရိုးတန်းဒေသများတွင် စင်တီမီတာ ၅၀အမြင့်ရှိလှိုင်းများ စနေနေ့မွန်းလွဲပိုင်းတွင် ကျရောက်နိုင်သည်ဟု ဆိုသည်။

ဂျပန်ပစိဖိတ်ကမ်းခြေဒေသမှဒေသခံများအနေဖြင့် ဘေးအန္တရာယ်ကင်းလွတ်ရာ ကုန်းမြင့်များဆီသို့ ရွှေ့ပြောင်းနေကြရန် ကြေညာချက်ထုတ်ပြန်ထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှားတွင် ၂၀၀၆ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ် ၁၃၅ ကြိမ် ဖြစ်ပေါ်ခဲ့

ဂျကာတာ ဇန်နဝါရီ ၁၃

အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၆ ခုနှစ်အတွင်း ဂေဟစနစ်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ဆိုက်ရောက်မှုပေါင်း ၁၃၅ကြိမ်ဖြစ်ပေါ်ခဲ့ရာ လူထောင်ပေါင်းများစွာ သေဆုံးရကြောင်း မြို့တော် ဂျကာတာတွင် ဇန်နဝါရီ ၉ ရက်က ကျင်းပသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး နှီးနှောဖလှယ်ပွဲတစ်ရပ်၌ တာဝန်ရှိသူများက ပြောကြားသည်။

တောမီးလောင်ကျွမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင် အဆင့်နိမ့်ကျလာခြင်းတို့ကြောင့် ဂေဟစနစ်ဆိုင်ရာ ပြဿနာများ တွေ့ကြုံကြရကြောင်း၊ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၁ရက်တွင် အရှေ့ဂျာဗားကျွန်းရှိ ဂျမ်ဘာမြို့၌ ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ် နှစ်ကုန်တွင် အာချေးပြည်နယ် မြောက်ပိုင်း၌ ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး ဒေသခံလူပေါင်း ၇၀၀၀၀ခန့်ကိုဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အင်ဒိုနီးရှား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဖိုရမ်အုပ်စု၏ အမှုဆောင်ညွှန်ကြားရေးမှူး ချာလစ်ဆာနူးက ပြောကြားသည်။ ***အင်တာနက်။***

သီရိလင်္ကာနိုင်ငံ အမ်ပါရာမြို့၌ ရေကြီးနေသည်ကို ဇန်နဝါရီ ၁၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နှစ်ဖက်မြင် တီဗွီဖန်သားပြင် ဆမ်ဆောင်းကုမ္ပဏီ တီထွင်

ဆိုးလ် ဇန်နဝါရီ ၁၃

တောင်ကိုရီးယားနိုင်ငံရှိ ဆမ်ဆောင်း အီလက်ထရွန်နစ်ကုမ္ပဏီသည် နှစ်ဖက်မြင် တီဗွီဖန်သားပြင် ဖြစ်သည့် အယ်လ်စီဒီမှန်ချပ်ကို တီထွင်ထုတ်လုပ်ထားပြီ ဖြစ်ကြောင်း၊ နှစ်ဖက်စလုံး အသုံးပြုနိုင်သော အယ်လ်စီဒီမှန်ချပ်ကို အသုံးပြုနိုင်ခြင်းမှာ ကမ္ဘာပေါ်တွင်ပထမဆုံးအကြိမ်ဖြစ်ကြောင်းဇန်နဝါရီ၁၃ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

နှစ်ဖက်မြင်အယ်လ်စီဒီမှန်ချပ်ကို အသုံးပြုခြင်းဖြင့်မိုဘိုင်းလ်ဖုန်းများ ပိုမိုခေတ်မီလာမည်ဖြစ်သည်။ အရွယ်အစားအရ ပိုမိုပါးလွှာသော မိုဘိုင်းလ်ဖုန်းများ ထုတ်လုပ်ရာတွင် ယင်းမှန်ချပ်ကို အသုံးပြုနိုင်မည်။ အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် လတ်စ်ဗေးဂတ်စ်မြို့တွင် ကျင်းပလျက်ရှိသော အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်း ပြပွဲ၌ နှစ်ဖက်မြင် အယ်လ်စီဒီမှန်ချပ်ကို ပြသထားသည်။ ယင်းမှန်ချပ်၏ အရွယ်မှာ ၂ ဒသမ ၂ လက်မရှိသည်။ မှန်ချပ်၏ တစ်ဖက်တစ်ချက်စီတွင် မတူကွဲပြားသော ရုပ်ပုံများထုတ်လွှင့်ရာ၌ နှစ်ဖက်မြင် အယ်လ်စီဒီမှန်ချပ်ကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဆမ်ဆောင်း ကုမ္ပဏီက ပြောကြားသည်။ ***အင်တာနက်။***



အီရတ်သို့ တပ်ဖွဲ့များ ပိုမိုစေလွှတ်မည့် ဘုရှ်၏ အစီအစဉ် အောက်လွှတ်တော် ဒီမိုကရက်တစ်ပါတီအတွင်း သဘောထားကွဲနေ

ဝါရှင်တန် ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံ၏ မြို့တော်ဘဂ္ဂဒက်သို့ တပ်ဖွဲ့ဝင်များ ပိုမိုစေလွှတ်မည့် သမ္မတ ဂျော့ဂျ်၊ ဘုရှ်၏ အစီအစဉ်နှင့်ပတ်သက်၍ အမေရိကန်အောက်လွှတ်တော် ဒီမိုကရက်တစ်ပါတီအတွင်း သဘောထားကွဲလွဲလျက်ရှိကြောင်း စနေနေ့ သတင်းများတွင် ဖော်ပြသည်။

ဒီမိုကရက်တစ်အမတ်များအနေဖြင့် အီရတ်သို့ တပ်ဖွဲ့ဝင်ဦးရေ တိုးပို့ရန်ကိစ္စကို ဆန့်ကျင်ရာတွင် ထူးထူးခြားခြား ညီညွတ်မှုရှိနေကြသည်။

ဖိတ်ကြားခဲ့

သမ္မတဘုရှ်က အီရတ်နှင့် ပတ်သက်သည့် မိန့်ခွန်းကို ဗုဒ္ဓဟူးနေ့က မပြောကြားမီ အိမ်ဖြူတော်က ဒီမိုကရက်တစ်ပါတီမှ အမတ်များအား သမ္မတဘုရှ်နှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ကြားခဲ့သည်။

ထုတ်ပြန်မည်

အီရတ်သို့တပ်ဖွဲ့ဝင်များ ပိုမိုစေလွှတ်ခြင်းမပြုမီ သမ္မတက အောက်လွှတ်တော်၏ လုပ်ပိုင်ခွင့် အာဏာအသစ်တစ်ရပ် ရရှိစေရန်အတွက် အက်ဥပဒေပြဋ္ဌာန်း ထုတ်ပြန်မည်ဟု မက်ဆာချူးဆက်ဒေသမှ အထက်လွှတ်တော် ဒီမိုကရက်အမတ်ဖြစ်သူ အက်ဒဝပ် ကနေဒီက ပြောကြားသည်။ ထုတ်ပြန်သည့်ယင်းဥပဒေမူကြမ်းသည် အထက်လွှတ်တော်တွင် ပထမဆုံး အဆိုပြုတင်သွင်းသည့် မူကြမ်းဖြစ်ပြီး အီရတ်သို့တပ်ဖွဲ့ဝင်များတိုး၍ စေလွှတ်ရာတွင် ငွေကြေးအသုံးမပြုရန် တားမြစ်ထားမည်ဖြစ်သည်။ ကနေဒီ၏ အဆိုပြုချက်သည် အီရတ်နိုင်ငံတွင် မည်သို့မည်ပုံ ဆက်လက်စခန်းသွားသင့်သည်ဆိုသည်နှင့် ပတ်သက်သည့် ငြိမ်းချမ်းရေးလမ်းစဉ် (လမ်းပြမြေပုံ) ကို ဒီမိုကရက်အမတ်များသို့ တင်ပြပေးလိုသည့် သဘောရှိသည်။ အောက်လွှတ်တော်က ဗီယက်နမ်နှင့် လက်ဘနွန်ပဋိပက္ခများ ဖြစ်ပွားခဲ့စဉ်အတွင်း ကြားမှဝင်ရောက်ဖျန်ဖြေခဲ့ပုံကို ကနေဒီက ပြန်ပြောင်းပြောကြားပြီး အီရတ်အရေးကိစ္စတွင်လည်း ယင်းသို့ပြုလုပ်ရန်အတွက် တုံ့ဆိုင်းမနေသင့်ကြကြောင်းထပ်လောင်းနှိုးဆော်သည်။

အင်တာနက်။

ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် လိပ်ခုံးပုံအားကစားရုံအမိုး အနေအထား ချို့ယွင်းသွားသည်ကို ဇန်နဝါရီ ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ချက်နိုင်ငံသား ၂၂ ရာခိုင်နှုန်း မူးယစ်ဆေးဝါးသုံးစွဲ

ပရာဟာ ဇန်နဝါရီ ၁၃

ချက်နိုင်ငံသား ၂၂ ရာခိုင်နှုန်းနီးပါးသည် ၎င်းတို့၏ သက်တမ်းတစ်လျှောက်တွင် မူးယစ်ဆေးဝါးကို တစ်ကြိမ်ထက်မနည်း သုံးစွဲခဲ့ကြကြောင်း၊ အသက် ၁၈နှစ်နှင့် ၂၄နှစ်အတွင်းရှိ လူငယ်များတွင် မူးယစ်ဆေးဝါးသုံးစွဲသူ ၄၀ရာခိုင်နှုန်းအထိရှိကြောင်း စစ်တမ်းတစ်ရပ်ကို ကိုးကား လျက် ပရာဗိုအမည်ရှိ သတင်းစာက စနေနေ့တွင် ဖော်ပြသည်။

မူးယစ်ဆေးဝါးသုံးစွဲသူများ၏ ၅၈ရာခိုင်နှုန်းက ဆေးခြောက်ကို အသုံးပြုကြပြီး ၎င်းတို့အနက် ကျောင်းသားလူငယ်များနှင့် အလုပ်လက်မဲ့များ ပါဝင်ကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

လျှပ်စစ်ကား အမျိုးအစားသစ် ရောင်းချမည်

ဒက်ထရွိုက် ဇန်နဝါရီ ၁၃

အမေရိကန်နိုင်ငံ ဂျနရယ်မော်တော်ကားကော်ပိုရေးရှင်း (GM)သည် လျှပ်စစ်မော်တော်ကားအမျိုးအစားသစ်ကို စတင်ရောင်းချတော့မည် ဖြစ်ကြောင်း၊ ဇန်နဝါရီ ၁၄ ရက်မှ စတင်ပြသသော မြောက်အမေရိကတိုက် မော်တော်ယာဉ်ပြပွဲတွင် အဆိုပါ လျှပ်စစ်ကားသစ်ကို ပြသထားကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

ဂျီအမ်ကုမ္ပဏီ၏ လျှပ်စစ်ကားသစ်မှာ (volt) ဟူ၍ အမည်ပေးထားသော ဆီဒင်ကားဖြစ်သည်။ လျှပ်စစ်ဓာတ်အား တစ်ခါဖြည့်ထားလျှင် မိုင် ၄၀ အထိ မောင်းနှင်နိုင်သည်။ ဓာတ်ငွေ့စွမ်းအားဖြင့် မောင်းနှင်နိုင်ရန်လည်း ကိရိယာ တပ်ဆင်ပေးထားသည်။ ဓာတ်ငွေ့ဆလင်ဒါ သုံးခုပါရှိသော အင်ဂျင်စက်အပြင် ဇီဝလောင်စာဖြစ်သည့် အက်သနော အီး-၈၅ဖြင့်လည်း မောင်းနှင်နိုင်မည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားဖြည့်တင်းရန် ခြောက်နာရီခန့်အချိန်ယူရန် လိုအပ်သည်။

ဓာတ်ဆီဖြင့် မောင်းနှင်သော ကားများမှာ ကုန်ကျစရိတ် ပိုမိုကြီးမားနိုင်သည်။ လျှပ်စစ်ကားများ သုံးစွဲခြင်းဖြင့် ငွေကြေးချွေတာနိုင်မည်ဖြစ်သည်။

ဂျီအမ်ကုမ္ပဏီ၏ လျှပ်စစ်ကားကို မည်သည့်အချိန်တွင် စတင်ရောင်းချပေးမည်ကို ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

အင်တာနက်။

တရုတ်တွင် ဇီဝဒီဇယ်ဆီ ထုတ်လုပ်ရေး အားပေးမည်

ပေကျင်း ဇန်နဝါရီ ၁၃

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းဒေသတွင် ဧက ၄၀၀၀၀ ရှိ မြေပေါ်၌ ဒီဇယ်ဆီထုတ်ယူရရှိနိုင်မည့် အပင်တစ်မျိုးကို စိုက်ပျိုးလုပ်ကိုင်သွားရန် တရုတ်နိုင်ငံက စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အစားထိုးစွမ်းအင် ရှာဖွေရေး အစီအမံအရ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သတင်းကဖော်ပြသည်။

အဆိုပါ အစီအစဉ်ကို အကောင်အထည်ဖော်သွားရန်အတွက် တရုတ်နိုင်ငံ အမျိုးသားရေနံကော်ပိုရေးရှင်းနှင့် သစ်တောစီမံခန့်ခွဲရေးအဖွဲ့တို့သည် ဇန်နဝါရီ ၁၁ ရက်က စာချုပ်ချုပ်ဆိုခဲ့ကြသည်။

ယင်းရေနံ ကော်ပိုရေးရှင်းသည် တရုတ်နိုင်ငံ၏ အကြီးဆုံးရေနံဓာတ်ငွေ့လုပ်ငန်းကြီးဖြစ်သည်။ ထိုစိုက်ခင်းမှ လောင်စာဆီများ ထွက်ရှိလာသောအခါ တစ်နှစ်လျှင် ဒီဇယ်ဆီ တန်ချိန် ၆၀၀၀၀ ထုတ်လုပ်နိုင်မည်ဟု ဆိုသည်။

လက်ရှိအခြေအနေတွင် တရုတ်နိုင်ငံသည် စွမ်းအင်အတွက် ကျောက်မီးသွေးနှင့် ရုပ်ကြွင်းလောင်စာများအပေါ် အားထားနေရသည်။ သို့ဖြစ်ရာ ယခုလုပ်ဆောင်မည့် လောင်စာသစ်ရှာဖွေရေးအစီအစဉ်သည် ဇီဝလောင်စာ အရင်းအမြစ်များ ဖော်ထုတ်ရေးလုပ်ငန်းတွင် အရေးပါသော ခြေလှမ်းတစ်ရပ်ပင်ဖြစ်သည်ဟု အုပ်ချုပ်မှုညွှန်ကြားရေးမှူး ဂျာဇီဘန်က ပြောကြားသည်။

ဇီဝလောင်စာရှာဖွေရေး လုပ်ငန်းသစ်ကို နိုင်ငံအနောက်တောင်ပိုင်း ပြည်နယ်များဖြစ်သော ယူနန်နှင့် စီချွမ်ပြည်နယ်တို့တွင် လောလောဆယ် လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဂျာကပြောကြားသည်။

ဇီဝဒီဇယ်ဆီသုံးစွဲခြင်းသည် လောင်စာဆီ ရှားပါးမှုပြဿနာအတွက် အဖြေဖြစ်သည်သာမက ယင်းလောင်စာသည် သဘာဝဝန်းကျင်ကို ထိခိုက်မှုနည်းပါးစေသော လောင်စာမျိုးလည်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ ကျင်းပသည့် မော်တော်ကားပြပွဲတွင် စီထရိုယင်ကားတစ်စီး ပြသထားသည်ကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်ထံမှ တိုက်လေယာဉ်များ ဆော်ဒီဝယ်မည်

ရီယာဒ် ဇန်နဝါရီ ၁၃

ဆော်ဒီအာရေဗျနိုင်ငံသည် ဗြိတိန်နိုင်ငံထံမှ ယူရိုဖိုက်တာ တိုက်ဖုန်းအမျိုးအစား တိုက်လေယာဉ် ၇၂စင်း ဝယ်ယူမည်ဖြစ်ကြောင်း ဆော်ဒီအိမ်ရှေ့မင်းသား စူလ်တန်က ဇန်နဝါရီ ၁၂ ရက်တွင် ပြောကြားသည်။ ယူရိုဖိုက်တာ တိုက်လေယာဉ်များကို မကြာမီဝယ်ယူမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်သူ အိမ်ရှေ့မင်းသား စူလ်တန်က ပြောကြားသည်။ ဆော်ဒီအာရေဗျနိုင်ငံသည် နိုင်ငံအများအပြားမှ ထုတ်လုပ်သော တိုက်လေယာဉ်များကို ဝယ်ယူလျက်ရှိသည်။ တိုက်လေယာဉ်များ ဝယ်ယူရာတွင် နိုင်ငံတစ်နိုင်ငံတည်းကို အမြဲတစေ မှီခိုအားထားနေမည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

အမေရိကန်နိုင်ငံ အတ္တလန္တာတိရစ္ဆာန်ဥယျာဉ်၌ မွေးဖွားခဲ့သည့် ပန်ဒါဝက်ဝံငယ်ကို မိခင်ပန်ဒါဝက်ဝံကြီးနှင့်အတူ ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိုဟိုင်းယိုးပြည်နယ်ရှိ ဓာတ်အားပေးစက်ရုံ၌ ဘွိုင်လာအိုး ပေါက်ကွဲမှုဖြစ်ပွား

ပစ္စဘတ် ဇန်နဝါရီ ၁၃

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားသဖြင့် လူ ၁၂ ဦးခန့် ဒဏ်ရာရရှိကြောင်း အာဏာပိုင်များက ဇန်နဝါရီ ၁၁ ရက်တွင် ပြောကြားသည်။ အိုဟိုင်းယိုးပြည်နယ် အရှေ့တောင်ပိုင်း ကျေးလက်ဒေသရှိ မတ်စကီဂန် မြစ်နံဘေးတွင်တည်ရှိသော ဓာတ်အားပေးစက်ရုံ၌ ဘွိုင်လာအိုး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း အေပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

မည်သည့်အကြောင်းကြောင့် ဘွိုင်လာအိုးပေါက်ကွဲရသည်ကို မသိရှိရသေးပေ။ ၁၂ ဦးခန့် ဒဏ်ရာရရှိသည်ဟု မီးသတ် တပ်ဖွဲ့ဝင်များက ပြောကြားသော်လည်း အဆိုပါ လျှပ်စစ်ဓာတ်အားစက်ရုံကို ဖွင့်လှစ်လုပ်ကိုင်သည့်အမေရိကန် လျှပ်စစ်ဓာတ်အားကုမ္ပဏီကမူ အတည်ပြုခြင်း မရှိသေးပေ။ မတ်စကီဂန်ဓာတ်အားပေးစက်ရုံတွင် ကျောက်မီးသွေးဓာတ်အားပေးစက် ငါးလုံးရှိသည်။ ပေါက်ကွဲမှုကြောင့် ဓာတ်အားပေးစက်များ ထိခိုက်ခြင်းရှိ၊ မရှိ မသိရသေးပေ။

အင်တာနက်။

အထက (၁)ဒဂုံ ဘာက်စုံထူးချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၆-၂၀၀၇ ပညာသင်နှစ်ထူးချွန်ဆုပေးပွဲ အခမ်းအနားကို အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ ဇန်နဝါရီ၁၃ ရက် နံနက် ၈နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ မိဘဆရာအသင်းနာယက ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ဒဂုံမြို့နယ် ပညာရေးမှူး ဦးဝင်းလှံ့ထိန်၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်၊ မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ မိဘများ၊ ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မိဘဆရာအသင်းနာယက ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့က ၂၀၀၅-၂၀၀၆ တန်းစဉ် ထူးချွန်ဆု ရရှိသူများအား ချီးမြှင့်၍ ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပဋ္ဌမတန်းမှ ဘာသာစုံ ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်သည်၊

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် မိဘဆရာအသင်း အမှုဆောင်များက ၂၀၀၅-၂၀၀၆ တန်းစဉ်ထူးချွန်ဆုရရှိသူများ၊ ၂၀၀၆-၂၀၀၇ တန်းစဉ်ဘာသာစုံ ထူးချွန်ဆုရရှိသူများ၊ ဘက်စုံဖွံ့ဖြိုးရေး ဆုရရှိသူများနှင့် အနုပညာဖြင့်ဖျော်ဖြေသူများအား အမှတ်တရဆုများချီးမြှင့်ကြသည်။ (ပညာရေး)

အထက(၁)ဒဂုံ မိဘဆရာအသင်းနာယက ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့က ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပဋ္ဌမတန်း ဘာသာစုံ ထူးချွန်ဆု ဒုတိယ ဆုရရှိသူ မဖူးငုံကျော်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၁၄

စစ်ကိုင်းတိုင် ခင်ဦးမြို့နယ် ကံသစ်စံပြကျေးရွာ သာသနာလင်္ကာရ ကံသစ်အလယ်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဝုဓ(အစိုးရဓမ္မာစရိယ)ဦးစီး၍ ရွှေဘုန်းပွင့်ဆုတောင်းပြည့်စေတီတော်ဗုဒ္ဓပူဇနိယပွဲတော်နှင့် သတ္တမအကြိမ် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အကြိုဓမ္မသဘင်၌ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက် စီမံအုပ်ချုပ်မှု မဟာနာယက အကျိုးတော်ဆောင် ရွှေရတုတိပိဋကဓရ၊ တိပိဋကကောဝိဒ၊တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ အရှင်သူမြတ်သည် ၁၃၆၈ခုနှစ် တပို့တွဲလဆန်း ၁၀ ရက် (ဇန်နဝါရီ ၂၇ရက်) စနေနေ့ည ၇နာရီတွင် ရွှေဘုန်းပွင့်ဓမ္မာရုံ၌ နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြိုင်ဆရာတော် တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတရေ) ၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ) နယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည် ဇန်နဝါရီ ၁၅ ရက်တွင် မကွေးတိုင်း မကွေးမြို့ ပြည်တော်သာလမ်း မဟာဝိသုတာရာမကျောင်းတိုက် အလှူတော်မင်္ဂလာ ဓမ္မသဘင်တွင် ည ၇နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ဖျာပုံမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၄

ဖျာပုံမြို့နယ်အသင်း (ရန်ကုန်) ၏ ၂၀၀၆ ခုနှစ် အကြိမ်(၄၀)မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် နိုင်ငံတော်အဆင့် စာပေ၊ အနုပညာ ထူးချွန်သူများ၊ ထူးချွန်ကျောင်းသူ၊ ကျောင်းသားများ၊ အလှူရှင်များ ဂုဏ်ပြုချီးမြှင့်ပွဲကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံ မင်္ဂလာခန်းမ၌ ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၂နာရီက ကျင်းပရာ အခမ်းအနားတွင် ဖျာပုံမြို့နယ်အသင်း (ရန်ကုန်) အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိန်သန်း(ငြိမ်း)က အမှာစကားပြောကြားသည်။ ထို့နောက် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းကြပြီး နာယကများနှင့် အမှုဆောင်သစ်စာရင်းကို အတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်အဆင့် စာပေထူးချွန်ဆုရ ဦးသန်းညွှန့် (ဇင်မင်းသမိန်ထော) နှင့် သတင်းထောက် သောင်းညွှန့် (ဖျာပုံ) **(အပေါ်ပုံ)**တို့အား လည်းကောင်း၊ ထူးချွန်အနုပညာရှင်များအား လည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ အလှူရှင်များအားလည်းကောင်း ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုလွှာ အသီးသီး ချီးမြှင့်ပေးအပ်သည်။ (က-ပ)

မြောက်ဥက္ကလာပ အထက(၁) အာစရိယပူဇော်

ရန်ကုန် ဇန်နဝါရီ ၁၄

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ယနေ့နံနက်က အဆိုပါကျောင်း မေတ္တာရိပ်ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီးဟောင်း အငြိမ်းစား သံအမတ်ကြီး ဦးမောင်မောင်စိုးတင့်နှင့် ကျောင်းအုပ်ဆရာမကြီး အငြိမ်းစား ဒေါ်မြမြဆွေတို့က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဦးချိုအေး-ဒေါ်ညွှန့်ညွှန့်တင် (ACA) မိသားစုက ကျောင်းအတွက် အထိမ်းအမှတ် လက်ဆောင်ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာ၊ ဆရာမကြီးများအား ကန်တော့ကြသည်။ **(ယာပုံ)**

ဆက်လက်၍ ဆရာကြီးဦးစိုးမြင့်နှင့် ဆရာမကြီး ဒေါ်ခင်အေးမြင့်တို့က ဆုံးမဩဝါဒစကား ပြန်လည်ပြောကြားပြီး အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတရေဘွဲ့ရ ဦးအောင်ကြည်မြင့်နှင့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။ (က-ပ)

ထူးခြားသည့် ညအပူချိန်များ

၁၄-၁-၂၀၀၇

နမ့်စန်	၀ ဒီဂရီစင်တီဂရိတ်
ပင်လောင်းနှင့် ဟဲဟိုး	၁ ဒီဂရီစင်တီဂရိတ်
လားရှိုး	၂ ဒီဂရီစင်တီဂရိတ်
ရန်ကုန်	၁၇ ဒီဂရီစင်တီဂရိတ်

ဝါယာရှော့၊ ဆေးလိပ်မီးနှင့် မီးကြွင်းမီးကျန်တို့ကြောင့် မြို့နယ်အချို့တွင် မီးလောင်မှုများ ဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁၄

ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီခန့်တွင် ဧရာဝတီတိုင်း မအူပင်မြို့နယ် အမှတ်(၄)ရပ်ကွက် အောင်ရတနာဈေးနေ ဦးသန်းစိုး၏ လေးခန်းတွဲ ဆိုင်ခန်း၌ လျှပ်စစ်ဝါယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင် ၂၆ဦး စုပေါင်းငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် မီတာပုံးတစ်လုံးနှင့် ခမောက်များ မီးလောင်ခံရပြီး ငွေကျပ် သုံးသောင်းသုံးထောင်ဖိုးခန့် ဆုံးရှုံးခဲ့သည်။

ယင်းနေ့ နံနက် ၁၀ နာရီခန့်တွင် မွန်ပြည်နယ် မုဒုံမြို့နယ် ဘဲရမ်းကျေးရွာရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း နှစ်ရှည်ရော်ဘာခြံ၌ လမ်းသွားလမ်းလာများက စွန့်ပစ်သော ဆေးလိပ်မီးမှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၇ဦး သွားရောက်ငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် ရော်ဘာပျိုးပင် ၇၀၀ခန့်မီးလောင်ခံရပြီး ငွေကျပ် သုံးသိန်းဖိုးခန့် ဆုံးရှုံးခဲ့သည်။

ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့ ကွန်းသာယာရပ်ကွက် ရာမကျောင်းလမ်း အမှတ်(၃၂၂)နေ ဒေါ်ခင်ရီ (ခ) ဒေါ်ဘာဒူး၏ အိမ်၌ မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ဦး စုပေါင်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်နှစ်လုံးမီးလောင်ခံရပြီး လူဦးရေ ၁၃ဦး မီးဘေးဒုက္ခရောက်ကာ ငွေကျပ် တစ်သိန်းငါးသောင်းဖိုးခန့် ဆုံးရှုံးခဲ့သည်။

ယင်းနေ့ ည ၇ နာရီခန့်တွင် ကချင်ပြည်နယ် မိုးကောင်းမြို့ အလယ်ရပ်ကွက် အမှတ်(လ/၁)နေ ဦးသန်းလှိုင်၏ နေအိမ်၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀စုပေါင်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံး၊ သုံးခန်းတွဲ တန်းလျားတစ်လုံး မီးလောင်ခံရပြီး ငွေကျပ် ခုနစ်သိန်းဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အခြေခံစည်းရုံးရေး သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

သံဖြူဇရပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အမှုဆောင်များ အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ် (၁၂/၂၀၀၆) သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၉ ရက်တွင် အသင်းရုံး၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် သံဖြူဇရပ်တပ်နယ်မှ ဗိုလ်မှူးကြီးတင်ထွန်းအောင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးနိုင် **(အပေါ်ပုံ)**တို့က ပထမဆု၊ ဒုတိယဆု၊ တတိယဆုရသူများနှင့် သင်တန်းနည်းပြဆရာများအား ဆုများချီးမြှင့်ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ ရပ်ကွက်ကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ၄၅ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁-၂၀၀၇ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	ကိုယ့်စိတ်ရှိတာသိတာပါ တရားတော်(အရှင်ဆေကိန္ဒ)
၈း၀၅	အမှောင်ထဲမှစွမ်းအားရှင်များ
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (ပဋိသန္ဓေတားဆီးခြင်း၊ ကိုယ်ဝန်ရှိခြင်းနှင့်ပျက်ခြင်း၊ အက်တိုးပစ်ကိုယ်ဝန်ဆိုင်ရာ ပြဿနာများ)
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	သျှားညို၏စိတ်ကူးအနုပညာ (Project Pre-Show)
၉း၃၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	အကွက်ဆန်းထွင်တဲ့ ရက်ကန်းစင်
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀	Celebrity Profile (ဒေါက်တာဇော်သန်း၊ တက္ကသိုလ်လှဲ့လှဲ့)
၁၀း၅၅	ပန်းချီထဲမှအလှတစ်ပါး ကျောက်စီပန်းချီကား
၁၁း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၄၀	ရွှေလောင်းတံတား
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀	အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ [ဒါရိုက်တာမောင်မောင်ဦး (စနိုးဂိုက်)နှင့်တွေ့ဆုံခြင်း] (ဒုတိယပိုင်း)
၁၂း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်) (ဆွေးနွေးခန်း)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အကြောင်းပြချက်များဖြင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် လုံခြုံရေးကောင်စီတွင် အခွင့်အာဏာမရှိ

● **အမေရိကန်မှ**

(ဃ) မြန်မာနိုင်ငံ ဒီမိုကရေစီထွန်းကားရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်ပေးရန် တောင်းဆို လုပ်ဆောင်နေမှု။

(င) ပြည်သူလူထုတစ်ရပ်လုံးအား ဒုက္ခပင်လယ်ဝေစေမည့် လူထုအုံကြွမှုပေါ်ပေါက်စေရန် တိုက်တွန်းလှုံ့ဆော်ဖန်တီးနေမှု။

(စ) မြန်မာပြည်သူတို့၏ အကျိုးစီးပွားကိုသာ အများဆုံးထိခိုက်နစ်နာစေသည့် နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်အရေးယူနေမှု။

(ဆ) ကမ္ဘာပေါ်ရှိနိုင်ငံအများစုက ဆန့်ကျင်ရှုတ်ချနေသော ပြည်သူတို့၏ဘဝလုံခြုံမှုကို ခြိမ်းခြောက်နေသည့် ဖောက်ခွဲဖျက်ဆီးရေး အကြမ်းဖက်လုပ်ငန်းများကို ဒီမိုကရေစီရရှိရေး အမည်ခံ၍ လုပ်ဆောင်နေမှု။

ပုဂ္ဂိုလ်ရေးကိုးကွယ်မှု အခြေခံဖြင့်မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏ အကျိုးထက် မိမိကိုယ်ကျိုးစီးပွား၊ မိမိဂိုဏ်းဂဏအကျိုးစီးပွားတို့ကို ရှေ့တန်းတင်ပြီး အလားတူ ဆောင်ရွက် အားထုတ်မှုများကို ထပ်မံမပြုလုပ်ကြရန် တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ရှေးရှု၍ မိမိတို့အနေဖြင့် ပြင်းထန်စွာ သတိပေး။

ဟူသည့်နည်းဗျူဟာ ရွေးချယ်ကျင့်သုံးမှုများကို ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်ကြောင်း ၃၀-၈-၂၀၀၆ ရက်စွဲဖြင့် သဘောထား ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ လူ့အခွင့်အရေးအကြောင်းပြချက်ဖြင့် နိုင်ငံတကာလုံခြုံရေး၊ ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို ခြိမ်းခြောက်နေကြောင်းစွပ်စွဲ၍ ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသည်ကို သက်သေထူလိုက်သည့် ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း။

အမေရိကန်နှင့် ဗြိတိန်တို့သည် မြန်မာနိုင်ငံ၏ တည်ဆဲတပ်မတော်အစိုးရကို ဆန့်ကျင်နေသည့် အင်အားစုများအား အစဉ်တစိုက်အားပေးထောက်ခံခဲ့ပြီး မြန်မာ့ဒီမိုကရေစီရေးကို ထောက်ခံကြောင်းပြသခဲ့ကြကြောင်း၊ ယခုလုပ်ရပ်သည်လည်း တပ်မတော်အစိုးရဆန့်ကျင်ရေး အင်အားစုများကို သိက္ခာတင်အဖတ်ဆည်ပေးသည့် မအောင်မြင်သည့် လုပ်ရပ်အမှားတစ်ခုဖြစ်ကြောင်း။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အကြောင်းပြချက်များဖြင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အခွင့်အာဏာမရှိသလို မည်သည့် အင်အားကြီးနိုင်ငံမဆို ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အသုံးချ၍ ဝင်ရောက်စွက်ဖက်ခွင့် မရှိကြောင်း။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာတည်ရှိမှု၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားလုံခြုံရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ထိပါးရာရောက်နေသည့် အမေရိကန်နှင့် ဗြိတိန်တို့၏လုပ်ရပ်အားလည်းကောင်း၊ အဆိုပါမှားယွင်းသည့်လုပ်ရပ်ကို ထောက်ခံမဲပေးခဲ့ကြသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများအားလည်းကောင်း ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချလိုက်ကြောင်း။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ဘက်မှ ထောက်ခံရပ်တည်မှုမပြုဘဲ ဗီတိုအာဏာသုံး၍ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ကန့်ကွက်မဲပေးခဲ့သည့် တောင်အာဖရိကနိုင်ငံအားလည်းကောင်း၊ ကြားနေခဲ့သည့် ကွန်ဂို၊ အင်ဒိုနီးရှားနှင့် ကာတာနိုင်ငံတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှလည်းကောင်း၊ အင်အားကြီး ပြည်ပနိုင်ငံကြီးများမှ လည်းကောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးကိစ္စကို ဝင်ရောက်စွက်ဖက်လာစေရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်တောင်းဆိုနေခဲ့ကြသည့် ပြည်တွင်းပြည်ပရှိ ဒီမိုကရေစီလှုပ်ရှားသူများအမည်ခံ အမျိုးသားသစ္စာဖောက်များ၏ လုပ်ရပ်များကို မိမိတို့က ပြင်းထန်စွာပြစ်တင်ရှုတ်ချလိုက်ကြောင်း။

ပုဂ္ဂိုလ်ရေးကိုးကွယ်မှုအခြေခံဖြင့် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများ၏ အကျိုးထက် မိမိကိုယ်ကျိုးစီးပွား၊ မိမိဂိုဏ်းဂဏအကျိုးစီးပွားတို့ကို ရှေ့တန်းတင်ပြီး အလားတူဆောင်ရွက်အားထုတ်မှုများကို ထပ်မံမပြုလုပ်ကြရန် တစ်မျိုးသားလုံး၏ အကျိုးစီးပွားကိုရှေးရှု၍ မိမိတို့အနေဖြင့် ပြင်းထန်စွာ သတိပေးလိုက်ကြောင်း ဖော်ပြပါရှိသည်။ (သတင်းစဉ်)

MA MA ခေါက်ဆွဲ နိုင်ငံခြားခရီးစဉ် ကံထူးရှင်ရွေးချယ်

ရန်ကုန် ဇန်နဝါရီ ၁၄

ရောဝတီ စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီလီမိတက်က ထုတ်လုပ်ပြီး MMSEA Marketing Co., Ltd. က ဖြန့်ဖြူးသည့် MA MA ခေါက်ဆွဲ၏ စားသုံးသူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ပြုလုပ်ခဲ့သော ၂၀၀၇ ခုနှစ် နိုင်ငံခြားခရီး အထူးအစီအစဉ် Promotion အတွက် ကံထူးရှင် ရွေးချယ်ပွဲကို ဇန်နဝါရီ ၁၂ ရက် ညနေ ၆ နာရီခွဲက Hotel Nikko Royal Lake Yangon (Pool Side) ၌ ကျင်းပသည်။

ရှေးဦးစွာ ရောဝတီ စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီလီမိတက်မှ Marketing Manager ဦးကောင်းနိုင်ဦးက ၂၀၀၇ ခုနှစ် နိုင်ငံခြားခရီး အထူးအစီအစဉ် Promotion နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဟာသသရုပ်ဆောင်များက တင်ဆက်ဖျော်ဖြေကြပြီး နှစ်သိမ့်ဆု MA MA ကျောပိုးအိတ်အလုံး ၂၀၀၊ တတိယဆုအဖြစ် MP 3 Player ၁၀ခု၊ ဒုတိယဆုအဖြစ် ရွှေဆွဲပြားသုံးခု၊ ပထမဆုအဖြစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ နှစ်ညအိပ်သုံးရက်ခရီး ကံထူးရှင် ၁၀ ဦးတို့အား တက်ရောက်လာကြသော စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ရုပ်ရှင်၊ ဂီတအနုပညာရှင်များက မဲနှိုက်ရွေးချယ်ပေးကြသည်။

MA MA ခေါက်ဆွဲစားသုံးသူပြည်သူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ပြုလုပ်ခဲ့သော ၂၀၀၇ခုနှစ် နိုင်ငံခြားခရီးအထူးအစီအစဉ် Promotion ကို ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်၍ မြဝတီရုပ်မြင်သံကြား၊ မြန်မာ့ရုပ်မြင်သံကြားနှင့် မဂ္ဂဇင်း၊ ဂျာနယ်များ၌ ကြော်ငြာများ ထည့်သွင်း၍ နိုင်ငံနှင့်အဝန်း စားသုံးသူပြည်သူများသိရှိ၍ ပါဝင်ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။

MA MA ခေါက်ဆွဲ၏ ၂၀၀၇ခုနှစ် နိုင်ငံခြားခရီး အထူးအစီအစဉ် Promotion မှ နိုင်ငံခြားခရီး ကံထူးရှင် ၂၀ဦးအနက်မှ စားသုံးသူရှစ်ဦးမှာ မဇင်မာသူ (ကွမ်တုံရပ်၊ မုဒုံ)၊ ဦးကျင်သိန်း (အုန်းတော-၁၊ တောင်တွင်းကြီး)၊ ဒေါ်တင်တင်ဆွေ(သိမ်ကုန်းရပ်၊ သထုံ)၊ ဦးဝင်းကြိုင် (ဗဟန်း၊ ရန်ကုန်) အရှင်အရိယဝံသ (စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်း)၊ မသီရိရတနာ (နန်းရှေ့၊ မန္တလေး)၊ ကိုဇော်မြင့် (၂၄လမ်း၊ ၈၃x၈၄ကြား၊ မန္တလေး)နှင့် မယဉ်မျိုးသူ (မရမ်းကုန်း၊ ရန်ကုန်)၊ ကံထူးရှင်နှစ်ဆိုင်မှာ ရွှေထိုက် (ကန်သာဈေး၊ မကွေး)နှင့် ဘီ ၂၂ စတိုး (တောင်တွင်းကြီး) တို့ ဖြစ်ကြသည်။

ဆုရရှိသည့် ကံထူးရှင်များစာရင်းကို ဇန်နဝါရီလအတွင်း တိုက်ရိုက်အကြောင်းကြား၍ လည်းကောင်း၊ မဂ္ဂဇင်း၊ ဂျာနယ်များ၌ ဖော်ပြ၍လည်းကောင်း အသိပေးအကြောင်းကြားသွားမည်ဖြစ်သည်။ နှစ်သိမ့်ဆုနှင့် တတိယဆုရရှိသူများသည် MA MA ခေါက်ဆွဲ အရောင်း ကိုယ်စားလှယ်များနှင့် MMSEA Marketing Co., Ltd ရုံးခွဲများ၌ လည်းကောင်း၊ ဒုတိယဆုနှင့် ပထမဆုရရှိကြသူများသည် ရောဝတီ စားသောက်ကုန်လုပ်ငန်း ရန်ကုန်ရုံးချုပ်နှင့် မန္တလေးရုံးခွဲများ၌လည်းကောင်း ဆက်သွယ်ထုတ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရောဝတီ စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီလီမိတက် Marketing Manager ဦးကောင်းနိုင်ဦး MA MA ခေါက်ဆွဲ၏ ၂၀၀၇ ခုနှစ် နိုင်ငံခြားခရီး အထူးအစီအစဉ် Promotion နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဇန်နဝါရီ ၇ ရက်က ပုသိမ်မြို့ ကုလဝိသေသီ သီလရှင် ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာကြီး ဒေါ်ဣန္ဒရီ၊ ဒေါ်ကုမာရီတို့အား အမှူးထား၍ သီလရှင်အပါး ၈၀ အတွက် သီလရှင်ဝတ်စုံလှူဒါန်းပွဲတွင် ရောဝတီတိုင်း ဥပဒေအရာရှိ ဦးရဲအောင်မြင့်မိသားစုက သီလရှင်ဝတ်စုံများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဇန်နဝါရီ ၆ ရက်က ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း ပညာရေးစုံညီပွဲတော်တွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီခိုင်က သူငယ်တန်းမှ အားကစားထူးချွန်ဆုရရှိသူ မောင်မင်းသီဟကိုကိုအား ဆုချီးမြှင့်စဉ်။

(ပညာရေး)

❀ **ကျော-ဥမင်-ရေမျက်နီမှ**

ယင်းနောက် ပုံညာတောင်ဥမင်အဝ၌ ဖွင့်ပွဲမုခ်ဦးများဆောက်လုပ်ခြင်းနှင့် ဥမင်အဝင် ချဉ်းကပ်လမ်းများ အချောသပ် ဆောင်ရွက်နေမှုတို့အား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်း အင်ဂျင်နီယာ ဦးမောင်မောင်သွင်က ကျော-ဥမင်-ရေမျက်နီ ရထားလမ်းပိုင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ အပြီးသတ် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအင်းကြူက ဥမင်နှင့် ချဉ်းကပ်ရထားလမ်းပိုင်း ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုတို့အား တင်ပြပြီး ဒုတိယဝန်ကြီးနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဥမင်နှင့် ရထားလမ်းဖွင့်လှစ် နိုင်ရေးအစီအမံများကို ဖြည့်စွက်တင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး အချောသပ်လုပ်ငန်းများ လျင်မြန်စွာပြီးစီးစေရေးနှင့် ကျော-ဥမင်-ရေမျက်နီ ရထားလမ်းပိုင်း ဖွင့်လှစ်နိုင်ရေးအတွက် ဝန်ထမ်းအားလုံးက ကြိုးပမ်းဆောင်ရွက်သွားရေး မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၅-၁-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၄။	ကြည်နူးနားဆင်ပြုံးပျော်ရွှင်
၄:၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၅:၁၀	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-ထွန်းတောက်လာမည့်ကြယ်တစ်ပွင့် (အပိုင်း-၁၃)**
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မေးမြန်းစူးစမ်း
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရွှေမင်းသမီး (ဒုတိယတွဲ) အပိုင်း(၁၃)**
	၂၀။	သင့်အတွက်မနက်ဖြန်
	၂၁။	အပိတ်နှုတ်ဆက်စကား
	၂၂။	ပြီးပါပြီ။

ကုလသမဂ္ဂကို တလွဲအသုံးချပြီး မြန်မာနိုင်ငံကို ဒုက္ခပေးလိုသ

တက္ကသိုလ်မြတ်သူ

၁၉၁၄ ခုနှစ်မှ ၁၉၁၈ ခုနှစ်အထိ ဖြစ်ပွားခဲ့သော ပထမကမ္ဘာစစ်သည် အင်အားသုံးပြီး နယ်ပယ်ချဲ့ထွင်ကာ ကိုလိုနီစားကျက်လုယက်ကြသော အနောက်(ဥရောပ)မှ အတ္တလွန်နိုင်ငံများ ဖန်တီးခဲ့သည့် ကျူးကျော်စစ်၊ နယ်ချဲ့စစ်ပွဲဖြစ်သည်။ ကမ္ဘာ့ပြည်သူများသည် ယင်းစစ်ပွဲကြောင့် ကုဋေနှင့်ချီပြီးသေခဲ့ကြရသည်။ ထို့ကြောင့် နောက်ထပ်ကမ္ဘာဖျက်စစ်ပွဲမျိုး မဖြစ်ပွားစေရန် နိုင်ငံပေါင်းချုပ်အသင်းကြီး (League of Nation)ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။

ဥရောပမှ စက်မှုအရင်းရှင်နိုင်ငံ ဒါဇင်ဝက်ခန့်က ကမ္ဘာမြေ၏ ၇၇ရာခိုင်နှုန်းကို အင်အားသုံး ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ကျွန်ပြုသွေးစုပ်ခြယ်လှယ်ခဲ့ကြသည်။ ထိုစဉ်မှာပင် ဖက်ဆစ်ဝင်ရိုးတန်းသုံးနိုင်ငံ(ဂျာမနီ၊ အီတလီ၊ ဂျပန်) တို့သည် စက်မှုထွန်းကားလာပြီး ကိုလိုနီဝေစုမရလိုက်သဖြင့် နယ်ချဲ့လက်ဟောင်းတို့လက်မှ ကိုလိုနီနိုင်ငံများကို သူခိုးလက်သူဝှက်လုသကဲ့သို့ အကြမ်းဖက်စစ်ပြုတိုက်ခိုက်ကြသဖြင့် ဒုတိယကမ္ဘာစစ်ကြီး (၁၉၄၂-၁၉၄၅)ဖြစ်ပွားခဲ့သည်။

ပထမကမ္ဘာစစ်အပြီး နောက်ထပ်စစ်ပွဲကြီးများ မဖြစ်အောင် တားဆီးပေးရန်ဖွဲ့စည်းပေးခဲ့ကြသည့် နိုင်ငံပေါင်းချုပ်အသင်းကြီးကို နောက်တိုးနယ်ချဲ့သုံးနိုင်ငံက ဖျက်ဆီးပစ်၍ ပျက်သုဉ်းသွားခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အတွင်း သေဆုံးရသော ကမ္ဘာ့ပြည်သူဦးရေမှာ သန်းပေါင်း ၆၀ပင်ရှိပြီး မြို့ရွာများစွာ ပျက်စီးဆုံးရှုံးခဲ့ရပြန်သည်။

ဒုတိယကမ္ဘာစစ်ပွဲကိုဖန်တီးခဲ့သည့် ဖက်ဆစ်အုပ်စုအန္တရာယ်ကို မူလဥရောပနယ်ချဲ့နိုင်ငံများကပင် အကြောက်ကြီးကြောက်ခဲ့ကြသည်။ နောက်ထပ် ဖက်ဆစ်ဝါဒခေါင်းထောင်မလာစေရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး ဖွဲ့စည်းပြီးဟန့်တားရန် လှုံ့ဆော်ခဲ့ကြသည်။ စစ်ဒဏ်ကိုမရှုမလှခံခဲ့ရသော ကမ္ဘာ့ပြည်သူတို့ကလည်း နောင်စစ်ပွဲများမဖြစ်ပွားစေရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ကြိုဆိုခဲ့ကြသည်။ ဤသို့ဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ယခုအခါ အဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူ(နိုင်ငံ) စုစုပေါင်း၁၉၃နိုင်ငံ ရှိသွားပြီဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အဓိကရည်ရွယ်ချက်မှာ ကမ္ဘာ့ပြည်သူများ စစ်ပွဲကြီးများဘေးမှ ကင်းဝေးပြီး လုံခြုံငြိမ်းချမ်းစေရန်၊ ကမ္ဘာ့ပြည်သူများလွတ်လပ်စွာ မိမိတို့ နိုင်ငံကောင်းကျိုး ဖန်တီးနိုင်ရန်၊ လူလူချင်းကျွန်ပြုသော၊ လူလူချင်းအသားအရောင်ခွဲခြား ဖိနှိပ်ဆက်ဆံသော စနစ်ဆိုးများကို ဖယ်ရှားဖျက်သိမ်းရန်ဖြစ်သည်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကြီးကို အဖွဲ့ဝင်နိုင်ငံတိုင်းက လိုက်နာပါမည်ဟု ပဋိညာဉ်ပြု လက်မှတ်ရေးထိုးထားကြသည်။

ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကြီးတွင် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း တန်းတူရည်တူရှိခွင့်၊ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာ(လွတ်လပ်ရေး)ကို အခြားနိုင်ငံများက လေးစားရေး၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကိုအခြားနိုင်ငံက ဝင်ရောက်မစွက်ဖက်ရေး၊ တစ်နိုင်ငံ၏အချုပ်အခြာအာဏာပိုင်နက် နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်မှုမပြုရေး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အငြင်းပွားမှုများကို စစ်ရေးအရမဖြေရှင်းဘဲ နိုင်ငံရေးအရ ဆွေးစပ်ဆွေးနွေးဖြေရှင်းရေး၊ နိုင်ငံများ၏ အချုပ်အခြာအာဏာကို တိုက်ခိုက်ချိုးဖောက် ကျူးကျော်သိမ်းပိုက်သော ကိုလိုနီစနစ် လုံးဝဖျက်သိမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်သဟာယအဖြစ် ချစ်ကြည်စွာဆက်ဆံပြီး အကျိုးတူကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး စသည့် အခြေခံမူများ ဖော်ပြပါရှိသည်။ ယင်းအခြေခံမူများ၊ ရည်ရွယ်ချက်များကို ကုလသမဂ္ဂအဖွဲ့ကြီးက နိုင်ငံအများ၏ စုပေါင်းအားဖြင့် အကောင်အထည်ဖော်ခဲ့သည်။

ဤသို့ဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာကအားထားရသည့် ကမ္ဘာ့မဏ္ဍိုင်အဖွဲ့ကြီးဖြစ်လာခဲ့သည်။ သို့သော် **အင်အားကြီးနယ်ချဲ့နိုင်ငံများသည် ကုလသမဂ္ဂကို ၎င်းတို့အသုံးချ၍ရသမျှ ၎င်းတို့အကျိုးအတွက် အသုံးချခဲ့ကြသလို အခါများစွာ၌လည်း ကုလသမဂ္ဂကို ပမာမခန့် မထီမဲ့မြင်ပြုပြီး ၎င်းတို့လုပ်လိုရာကိုလုပ်ကာ ကုလသမဂ္ဂပဋိညာဉ်ကို အကြိမ်ကြိမ်ချိုးဖောက်ခဲ့ကြသည်။ ကမ္ဘာစစ်ပွဲကြီးအပြီး အာရှ၊ အာဖရိက၊ လက်တင်အမေရိက၊ အရှေ့အလယ်ပိုင်းတို့၌ ဖြစ်ပွားသော စစ်ပွဲများကို အမေရိကန်ဦးဆောင်သော အနောက်အုပ်စုနိုင်ငံများက ကျူးကျော်ဖန်တီးခဲ့သည်။ ယင်းစစ်ပွဲများသည် ကိုလိုနီပုံစံသစ်စစ်ပွဲ၊ ဗိုလ်ကျစိုးမိုးရေးစစ်ပွဲ၊ စီးပွားရေး စားကျက်လုပွဲများသာဖြစ်သည်။**

အမေရိကန်ကွန်ဂရက်စာကြည့်တိုက်မှ အထောက်အထားများကို ကိုးကားပြီး ကောင်တာပန့်ချ်မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင် ဇိုလ်တန်ဂရော့စ်မန်း(Zoltan Grossman)က ရာစုနှစ်တစ်ခုစာကာလ အတွင်း အမေရိကန်အစိုးရ၏ ဝုန်းဒက်နီး (Wounded Knee)မှသည် အာဖဂန်နစ္စတန် ကျူးကျော်စစ်အထိ စစ်အင်အားသုံး ကျူးကျော်သိမ်းပိုက်မှု၊ စွက်ဖက်အနိုင်ကျင့်မှုစသည့် ကျူးလွန်မှုများ (၁၈၉၀မှ ၂၀၀၁ ခုနှစ်အထိ ၁၁၁ နှစ်အတွင်း ၁၃၄ ကြိမ်) ကျူးလွန်ခဲ့ပုံစာရင်းကိုပြုစုခဲ့ရာ ဇီယော်ဒင်ဆာဒါး (Ziauddin Sarder) နှင့် မာရီးလ်ဝင်းဒေဗိစ် (Merryl Wyn Davis) တို့ စုပေါင်းရေးသားသော **"အမေရိကန်ကို လူတွေဘာ့ကြောင့်မုန်း"** (Why do people hate America) စာအုပ်၌ ဖော်ပြထားသည်။

ဇိုလ်တန်၏ စာရင်းအရ အမေရိကန်သည် ၁၁၁ နှစ်အတွင်း စစ်ရေးကျူးလွန်ထိပါးမှု (၁၃၄)ကြိမ် ပြုလုပ်ခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံကိုနှစ်ကြိမ်၊ ယူဂိုဆလားဗီးယားပြည်ထောင်စုနှင့်ပြည်ထောင်စုဝင်နိုင်ငံများကို ခြောက်ကြိမ်၊ အီရတ်ကို သုံးကြိမ်၊ လိုက်ဘေးရီးယားကို သုံးကြိမ်၊ ဟေတီကို နှစ်ကြိမ်၊ ပနားမားကို ကိုးကြိမ်၊ လစ်ဗျားကို လေးကြိမ်၊ အီရန်ကိုလေးကြိမ်၊ဟွန်ဒူးရပ်စ်ကို ခြောက်ကြိမ်၊ လက်ဘနွန်ကို သုံးကြိမ်၊ နီကာရာဂွာကို ရှစ်ကြိမ်၊ အယ်လ်ဆာဗေးဒိုးကို နှစ်ကြိမ်၊ ချီလီကို နှစ်ကြိမ်၊ လာအိုကိုနှစ်ကြိမ်၊ ဂွါတီမာလာကို သုံးကြိမ်၊ ဒိုမီနီကန်ကို လေးကြိမ်၊ ဂျာမနီကို သုံးကြိမ်၊ ကျူးဘားကို ငါးကြိမ်၊ ဗီယက်နမ်ကို နှစ်ကြိမ်၊ တရုတ်နိုင်ငံကို ခြောက်ကြိမ်၊ ကိုရီးယားကို သုံးကြိမ်၊ ဖိလစ်ပိုင်ကိုနှစ်ကြိမ်၊ ပွာတိုရီကိုကို နှစ်ကြိမ်ဖြစ်ပြီး အမေရိကန်၏ စစ်ရေးကျူးကျော်မှု တစ်ကြိမ်စီခံရသော နိုင်ငံများလည်း များစွာရှိခဲ့သည်။ အမေရိကန်ပြည်တွင်း၌လည်း လူမျိုး၊ အသားအရောင် အဆင့်အတန်းခွဲခြားကာ စစ်အင်အားသုံး နှိပ်ကွပ်သော အကြိမ်များစွာပါဝင်သည်။ ဇိုလ်တန်၏ စာရင်းတွင်မပါသေးသော အီရတ်ကျူးကျော်မှုစစ်ပွဲ၊လတ်တလော ဆိုမာလီယာနိုင်ငံကို ကျူးကျော်ဗုံးကြဲတိုက်ခိုက်မှုပါ ပေါင်းလျှင် (၁၃၆)ကြိမ်ရှိပြီဟု ဆိုရပေမည်။

ဇိုလ်တန်၏ စာရင်းအရ အမေရိကန်သည် ၁၁၁ နှစ်အတွင်း စစ်ရေးကျူးလွန်ထိပါးမှု (၁၃၄)ကြိမ် ပြုလုပ်ခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံကို နှစ်ကြိမ်၊ ယူဂိုဆလားဗီးယား ပြည်ထောင်စုနှင့် ပြည်ထောင်စုဝင် နိုင်ငံများကို ခြောက်ကြိမ်၊ အီရတ်ကို သုံးကြိမ်၊ လိုက်ဘေးရီးယားကို သုံးကြိမ်၊ ဟေတီကို နှစ်ကြိမ်၊ ပနားမားကို ကိုးကြိမ်၊ လစ်ဗျားကို လေးကြိမ်၊ အီရန်ကိုလေးကြိမ်၊ဟွန်ဒူးရပ်စ်ကို ခြောက်ကြိမ်၊ လက်ဘနွန်ကို သုံးကြိမ်၊ နီကာရာဂွာကို ရှစ်ကြိမ်၊ အယ်လ်ဆာဗေးဒိုးကို နှစ်ကြိမ်၊ ချီလီကို နှစ်ကြိမ်၊ လာအိုကို နှစ်ကြိမ်၊ ဂွါတီမာလာကို သုံးကြိမ်၊ ဒိုမီနီကန်ကို လေးကြိမ်၊ ဂျာမနီကို သုံးကြိမ်၊ ကျူးဘားကို ငါးကြိမ်၊ ဗီယက်နမ်ကို နှစ်ကြိမ်၊ တရုတ်နိုင်ငံကို ခြောက်ကြိမ်၊ ကိုရီးယားကို သုံးကြိမ်၊ ဖိလစ်ပိုင်ကိုနှစ်ကြိမ်၊ ပွာတိုရီကိုကို နှစ်ကြိမ်ဖြစ်ပြီး အမေရိကန်၏ စစ်ရေး ကျူးကျော်မှု တစ်ကြိမ်စီခံရသော နိုင်ငံများလည်း များစွာရှိခဲ့သည်။ အမေရိကန် ပြည်တွင်း၌လည်း လူမျိုး၊ အသားအရောင် အဆင့်အတန်းခွဲခြားကာ စစ်အင်အားသုံး နှိပ်ကွပ်သော အကြိမ်များစွာပါဝင်သည်။ ဇိုလ်တန်၏ စာရင်းတွင်မပါသေးသော အီရတ်ကျူးကျော်မှုစစ်ပွဲ၊ လတ်တလော ဆိုမာလီယာနိုင်ငံကို ကျူးကျော်ဗုံးကြဲ တိုက်ခိုက်မှုပါ ပေါင်းလျှင် (၁၃၆)ကြိမ်ရှိပြီဟု ဆိုရပေမည်။

ဒုတိယကမ္ဘာစစ်အပြီး ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကို အမေရိကန်တို့ ပါဝင်လက်မှတ်ရေးထိုးပြီးမှ နောက်ပိုင်းတွင် အမေရိကန်ကျူးလွန်သော စစ်အင်အားသုံး ကျူးကျော်စွက်ဖက်မှုပေါင်း အကြိမ်(၇၀) ကျော်ခဲ့ပြီဖြစ်သည်။

အမေရိကန် ရီပတ်ဘလီကင်ပါတီဝင် သမ္မတရော်နယ်ရီဂင် လက်ထက်တွင် စစ်ရေးအင်အားသုံး ကျူးလွန်မှုပေါင်း ၁၆ ကြိမ်ရှိခဲ့သည်။ ထိုစဉ်က အမေရိကန်ဒုတိယသမ္မတ ဂျော့ဘုရှ် (စီနီယာဘုရှ်)မှာ ယခုလက်ရှိ ရီပတ်ဘလီကင်သမ္မတ ဂျော့ဒဗလျူဘုရှ်(ဂျူနီယာ) ၏ ဖခင်ဖြစ်သည်။ ရီဂင်လက်ထက်စစ်ရေးကျူးလွန်မှုများတွင် စီနီယာဘုရှ် ပူးပေါင်းပါဝင်သကဲ့သို့ စီနီယာဘုရှ်သမ္မတဖြစ်လာသော ၁၉၈၈မှ ၁၉၉၂ခုနှစ်အထိ စစ်ရေးကျူးလွန်မှု ခြောက်ကြိမ် ပြုလုပ်ခဲ့သည်။ စီနီယာဘုရှ်လက်ထက်တွင် ဂရင်နေဒါ၊ လိုက်ဘေးရီးယား၊ အီရတ်၊ ဆိုမာလီယာနှင့် ပနားမားနိုင်ငံတို့ကို ကျူးကျော်တိုက်ခိုက်ခဲ့သည်။

ဒီမိုကရက်တစ်ပါတီဝင် သမ္မတ ကလင်တန် (၁၉၉၂-၂၀၀၀) လက်ထက်၌လည်း ဆိုမာလီယာ၊ ဘော့စနီးယားဟာဇီဂိုဗီးနား၊ ဟေတီ၊ ခရိုအေးရှား၊ ဇိုင်ယာ၊ လိုက်ဘေးရီးယား၊ အယ်လ်ဘေးနီးယား၊ ဆူဒန်၊အာဖဂန်နစ္စတန်၊ အီရတ်၊ ယူဂိုဆလားဗီးယားနှင့်ယီမင်နိုင်ငံတို့ကို စစ်ရေးကျူးကျော်ခဲ့သည်။ ယခုလက်ရှိရီပတ်ဘလီကင်ပါတီဝင် သမ္မတ ဂျော့ဒဗလျူဘုရှ်(ဂျူနီယာဘုရှ်) လက်ထက်တွင် မက်ဆီဒိုးနီးယား၊ အာဖဂန်နစ္စတန်၊ အီရတ်နှင့်ဆိုမာလီယာနိုင်ငံတို့ကို စစ်ရေးကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခြင်း၊ စစ်အင်အားသုံးစွက်ဖက်ခြင်းများပြုလုပ်ခဲ့သည်။

အီရတ်က ကူဝိတ်ကို အီရတ်ပိုင်ပြည်နယ်ဟောင်းအဖြစ် ကြေညာကာ ၁၉၉၀ပြည့်နှစ်တွင် သိမ်းပိုက်ခဲ့သည်။ စီနီယာဘုရှ်က ကူဝိတ်လွတ်မြောက်စေရန်အတွက်ဆိုကာ အီရတ်ကိုဝင်တိုက်ခဲ့သည်။ အနောက်အုပ်စုဝင်နိုင်ငံများကလည်း ပါဝင်ကူညီခဲ့ကြသည်။ ထိုစဉ်က ကုလသမဂ္ဂက အီရတ်ကိုစစ်ရေးအရ အရေးယူရန် ဆုံးဖြတ်ပေးခဲ့သဖြင့် စီနီယာဘုရှ်၏ အီရတ်စစ်ပွဲသည် တရားဝင်လိုင်စင်ရစစ်ပွဲဖြစ်ခဲ့သည်။

ဂျူနီယာဘုရှ်လက်ထက်၌ အာဖဂန်နစ္စတန်ကိုတိုက်ခိုက်ရာတွင် နေတိုးစစ်အုပ်စုနှင့် ပူးပေါင်းကာ ကုလသမဂ္ဂသဘောတူညီချက်မပါဘဲ ကျူးကျော်တိုက်ခိုက်ခြင်းဖြစ်သည်။ ၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန်က အီရတ်ကိုကျူးကျော်ရာ၌မူ ကုလသမဂ္ဂ၊ နိုင်ငံတကာနှင့်အမေရိကန်ပြည်သူများက ကန့်ကွက်နေသည့်ကြားမှပင် ကုလသမဂ္ဂပဋိညာဉ်ကို ချိုးဖောက်ပြီး ကျူးကျော် တိုက်ခိုက်ခြင်းဖြစ်သည်။ သမ္မတကလင်တန် လက်ထက် ယူဂိုဆလားဗီးယားကို ၁၉၉၉ခုနှစ် မတ်လက နေတိုးစစ်အုပ်စုနှင့် ပူးပေါင်းကျူးကျော်တိုက်ခိုက်စဉ်ကလည်း ကုလသမဂ္ဂကို ဘေးချိတ်ပြီး ကျူးလွန်ခဲ့သည်။ ယူဂိုဆလပ်သည် ဥရောပ၏နောက်ဆုံး ကွန်မြူနစ်နိုင်ငံဖြစ်နေ၍ အမေရိကန်က ဖြိုဖျက်ရာ၌ ဦးစွာယူဂိုဆလပ်ပြည်ထောင်စုဝင်နိုင်ငံများ ခွဲထွက်ရေးအတွက် ဘေးတီးလှုံ့ဆော်အားပေးခဲ့သည်။ ဘော့စနီးယား၊ ဟာဇီဂိုဗီးနားတွင် အမေရိကန်နှင့် နေတိုးစစ်အုပ်စုက စစ်ရေးကျူးကျော်စွက်ဖက်ခဲ့သည်။ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်များအား ဘော့စနီးယားမှ ရုပ်သိမ်းစေပြီး နေတိုးတပ်များက ဝင်ရောက်အခြေချစိုးမိုးခဲ့သည်။

ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုရန်ပုံငွေသို့ အမေရိကန်ထည့်ဝင်ရမည့် ဒေါ်လာ ၃၇သန်းကိုမူ မပေးသွင်းဘဲထားခဲ့သည်။ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်များ အရာမရောက်ဟုဆိုကာ ရုပ်သိမ်းအောင် အမေရိကန်သမ္မတကလင်တန်ကပြောဆိုကာ နေတိုးတပ်များဖြင့် အစားထိုးခဲ့သည်။ သမ္မတကလင်တန်နှင့် ၎င်း၏နိုင်ငံခြားရေးဝန်ကြီး ဂျော့ရှူလ်က "ကုလသမဂ္ဂသည် နိုင်ငံတကာရေးရာများကို နိုင်နင်းအောင် မကိုင်တွယ်နိုင်။ ထို့ကြောင့် နိုင်ငံတကာရေးရာများကို အမေရိကန်က ကိုင်တွယ်မှုဖြစ်တော့မည်"ဟု အကြိမ်ကြိမ်ပြောခဲ့သည်။

အမေရိကန် ကွန်ဂရက်လွှတ်တော်
အမေရိကန်ထည့်ဝင်ရမည့်ဒေါ်လာ သန်းပေ
ကုလသမဂ္ဂ၏လုပ်ငန်းများ တုံ့ဆိုင်းအော
တွင် ကုလသမဂ္ဂက အမေရိကန်အား အီရ
အမေရိကန်သမ္မတ ဂျူနီယာဘုရှ်က လို
ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် အီရတ်ကိုစ
ယခုရက်ပိုင်းမှာပင် ဆိုမာလီယာနိုင်ငံ
သည်။

နိုင်ငံတကာ ရာဇဝတ်ခုံရုံးဖွဲ့စည်း
(ဂျူနီယာ)က နိုင်ငံတကာတွင် တာဝန်ထမ်း
စစ်သားများကို ထိုရာဇဝတ်ခုံရုံးက စစ်ဆေ
ထိုရာဇဝတ်ခုံရုံးအဖွဲ့ဝင်အဖြစ်(လူရောင့်ငွေ
သည်။ ဤသည်မှာ ကမ္ဘာတစ်ခွင် ကျူးလွ
စစ်ရာဇဝတ်မှုများကို ကင်းလွတ်ခွင့်လိုင်စ
ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့များ၊
တွင်လည်း အမေရိကန်များ၊ ၎င်းတို့၏
သူကန်များ၊ ပြည်ပြေးများကို နေရာရပေ
ထိုးသွင်းခဲ့သည်။ ယင်းပြည်ပြေးများနှင့် မိ
ပြီး ဥပဒေချိုးဖောက်သော ဝရမ်းပြေးမျာ
ရိကန်က ဗန်းတင်ပေးနေသည်။ ထိုအ
ငွေကြေးထောက်ပံ့၊ အသံလွှင့်ရုံများထေ
သြဇာမခံသည့် နိုင်ငံများကို အစီအစဉ်
နေပေသည်။

ကုလသမဂ္ဂ၏ ရည်ရွယ်ချက်များ၊
စာချုပ်ကြီးပါမူများနှင့် အဖွဲ့ဝင်နိုင်ငံ အမျ
ပမာမခန့်ဆန့်ကျင်သွေဖည်ကာ ယင်းသို့
ရိကန်သည် အခါများစွာ၌လည်း အလုပ်
အကွေ့အကောက်များဖြင့် ၎င်းတို့ အကျိုးစီ
အသုံးချနေသည်ကို ကမ္ဘာက စိတ်မချမ်းမြေ

မြန်မာနိုင်ငံသည် လွတ်လပ်သောနိုင်
အမ၊ ဘိုးဘွားစဉ်ဆက်သွန်သင်မှုဖြင့် ယ
တိကျ၍တည့်မတ်သော ဘက်မလိုက်(
နိုင်ငံခြားရေးမူဝါဒကို အစဉ်အားစိုက်ကျ
သာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဖြူစင်ရိ
နေသော နိုင်ငံဖြစ်သည်။ မြန်မာတို့လက်ခံ
အတူယှဉ်တွဲနေထိုင်ရေး မူဝါဒဖြင့် နို
ဆက်ဆံသည်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်
ကမ္ဘာ့ကောင်းကျိုးကို ကမ္ဘာ့မိသားစုဝင်တစ်နို
သည်။ သို့ပါလျက် အမေရိကန်သည် မြန်မ
တရုတ်ဖြူကျူးကျော်မှုမှသည် လက်န
ကြီးထွားအောင်၊ မြေပေါ်ဆူပူမှုများဖြစ်ပွားစေ
ဝင်ရောက်စွက်ဖက်လျက်ရှိသည်။ နယ်စပ်
ပြည်ပြေးများကို အမေရိကန်က ငွေကြေ
ဖောက်ခွဲတိုက်ခိုက်ရေး၊ ဝါဒဖြန့်ချိရေး အဖေ
မှာလည်း ရာစုနှစ်တစ်ဝက်မက ရှိနေပေ

အဘယ့်ကြောင့် အမေရိကန်က မြန်မ
ဝင်ရောက်စွက်ဖက်နေပါသနည်း။

မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေးစိ
အမျိုးသားယဉ်ကျေးမှု၊ ဝံသာနုရက္ခိတတ
မိမိလွတ်လပ်ရေးကို မြတ်နိုးစောင့်ရှောက်
နိုင်ငံခြားရေးမူဝါဒ ချမှတ်ကျင့်သုံးပြီး မ
နိုင်ငံ၏ သြဇာကိုမှုမခံမှု၊ အမျိုးသားရေးရ
တို့ကို မလိုလား၍ နယ်ချဲ့(ကိုလိုနီ)ပုံစံသစ်
အပါ (နယ်ချဲ့လက်ဟောင်း၊ လက်သစ်)မှ
ဖြစ်ပေသည်။

အမေရိကန်သည် တစ်သန်းခွဲခန့်ရှိ
ထက်ဝက်ကျော်ကို နိုင်ငံတကာမြေပြင်၊
မရိန်းတပ်စစ်စခန်းပေါင်း ၇၂၀ကျော်ဖြ
ထူထောင်ထားသည်။ သမုဒ္ဒရာ၊ ပင်လ
စစ်သင်္ဘောအုပ်စုများရှိနေသည်။ တောင်
အရှေ့အလယ်ပိုင်း၊ အာဖရိက၊သြစတြေး
နိုင်ငံများ၌လည်း အမေရိကန်စစ်စခန်းမှ

ဒုက္ခပေးလိုသည့် အမေရိကန်၏အားထုတ်မှု ရေစုန်မျောသွားပြီ

အမေရိကန် ကွန်ဂရက်လွှတ်တော်ကလည်း ကုလသမဂ္ဂသို့ အမေရိကန်ထည့်ဝင်ရမည့်ဒေါ်လာ သန်းပေါင်း ၁၀၀၀ ကျော်ကိုမပေးဘဲ ကုလသမဂ္ဂ၏လုပ်ငန်းများ တုံ့ဆိုင်းအောင်လုပ်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ကုလသမဂ္ဂက အမေရိကန်အား အီရတ်ကိုမတိုက်ရန်တားခဲ့သည်။ အမေရိကန်သမ္မတ ဂျူနီယာဘုရှ်က လိုက်နာခြင်းမရှိခဲ့ချေ။ ၂၀၀၃ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် အီရတ်ကိုစတင်ဗုံးကြဲကျူးကျော်ခဲ့သည်။ ယခုရက်ပိုင်းမှာပင် ဆိုမာလီယာနိုင်ငံကိုလည်း ဗုံးကြဲပြန်ပြီဖြစ်သည်။

နိုင်ငံတကာ ရာဇဝတ်ခုံရုံးဖွဲ့စည်းရာတွင်လည်း သမ္မတဘုရှ် (ဂျူနီယာ)က နိုင်ငံတကာတွင် တာဝန်ထမ်းဆောင်နေသော အမေရိကန်စစ်သားများကို ထိုရာဇဝတ်ခုံရုံးက စစ်ဆေးခြင်းမပြုပါဟု ကတိပေးမှ ထိုရာဇဝတ်ခုံရုံးအဖွဲ့ဝင်အဖြစ်(လူရောငွေကြေးပါ) ပါဝင်မည်ဟု ပြောခဲ့သည်။ ဤသည်မှာ ကမ္ဘာတစ်ခွင် ကျူးလွန်နေသည့် အမေရိကန်တို့၏ စစ်ရာဇဝတ်မှုများကို ကင်းလွတ်ခွင့်လိုင်စင် ရယူလိုခြင်းသာဖြစ်သည်။ ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများတွင်လည်း အမေရိကန်များ၊ ၎င်းတို့၏ ဩဇာခံများ၊ နိုင်ငံစုံမှ သူပုန်သူကန်များ၊ ပြည်ပြေးများကို နေရာရအောင် အမေရိကန်အစိုးရက ထိုးသွင်းခဲ့သည်။ ယင်းပြည်ပြေးများနှင့် မိခင်နိုင်ငံကို သစ္စာဖောက်ဖျက်ပြီး ဥပဒေချိုးဖောက်သော ဝရမ်းပြေးများကို လူရာဝင်အောင် အမေရိကန်က ဇာန်းတင်ပေးနေသည်။ ထိုအဖျက်အင်အားစုများအတွက် ငွေကြေးထောက်ပံ့၊ အသံလွှင့်ရုံများထောင်ပေးပြီး အမေရိကန်၏ ဩဇာမခံသည့် နိုင်ငံများကို အစီအစဉ်ရှိရှိ သပ်လျှိုထိုးနှက်ဖြိုခွင်းနေပေသည်။

ကုလသမဂ္ဂ၏ ရည်ရွယ်ချက်များ၊ အခြေခံမူများ၊ ပဋိညာဉ်စာချုပ်ကြီးပါမူများနှင့် အဖွဲ့ဝင်နိုင်ငံ အများစု၏ ဆုံးဖြတ်ချက်များကို ပမာမခန့်ဆန့်ကျင်သွေဖည်ကာ ယင်းသို့ထင်ရာစိုင်းလေ့ရှိသော အမေရိကန်သည် အခါများစွာ၌လည်း အလှည့်အပတ်၊ ပရိယာယ်ဝေဝုစ်၊ အကွေ့အကောက်များဖြင့် ၎င်းတို့ အကျိုးစီးပွားအတွက် ကုလသမဂ္ဂကို အသုံးချနေသည်ကို ကမ္ဘာက စိတ်မချမ်းမြေ့စွာ မြင်တွေ့နေရပေသည်။

မြန်မာနိုင်ငံသည် လွတ်လပ်သောနိုင်ငံ၊ ဘာသာရေးတရားအဆုံးအမ၊ ဘိုးဘွားစဉ်ဆက်သွန်သင်မှုဖြင့် ယဉ်ကျေးသိမ်မွေ့သောနိုင်ငံ၊ တိကျ၍တည့်မတ်သော ဘက်မလိုက်(လွတ်လပ်၍တက်ကြွသော) နိုင်ငံခြားရေးမူဝါဒကို အစဉ်တစိုက်ကျင့်သုံးကာ မိမိနိုင်ငံ ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဖြူစင်ရိုးသားစွာ ကြိုးပမ်းဆောင်ရွက်နေသော နိုင်ငံဖြစ်သည်။ မြန်မာတို့လက်ခံကျင့်သုံးသော ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူဝါဒဖြင့် နိုင်ငံတကာနှင့် ချစ်ကြည်စွာ ဆက်ဆံသည်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကို တိကျစွာလိုက်နာသည်။ ကမ္ဘာ့ကောင်းကျိုးကို ကမ္ဘာ့မိသားစုဝင်တစ်နိုင်ငံအဖြစ် ပါဝင်ထမ်းဆောင်သည်။ သို့ပါလျက် အမေရိကန်သည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို တရုတ်ဖြူကျူးကျော်မှုမှသည် လက်နက်ကိုင်သောင်းကျန်းမှုများ ကြီးထွားအောင်၊ မြေပေါ်ဆူပူမှုများဖြစ်ပွားအောင် လုပ်ဆောင်သည်အထိ ဝင်ရောက်စွက်ဖက်လျက်ရှိသည်။ နယ်စပ်ဒေသမှ သောင်းကျန်းသူများ၊ ပြည်ပြေးများကို အမေရိကန်က ငွေကြေး၊ လက်နက်၊ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ရေး၊ ဝါဒဖြန့်ချိရေး အထောက်အပံ့များပေးနေခဲ့သည်မှာလည်း ရာစုနှစ်တစ်ဝက်မက ရှိနေပေပြီ။

အဘယ့်ကြောင့် အမေရိကန်က မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေပါသနည်း။

မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားယဉ်ကျေးမှု၊ ဝံသာနုရက္ခိတတရား၊ မိမိပြည်ထောင်စုနှင့် မိမိလွတ်လပ်ရေးကို မြတ်နိုးစောင့်ရှောက်မှု၊ အုပ်စုဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ ချမှတ်ကျင့်သုံးပြီး မည်သည့် ပြည်ပအင်အားကြီးနိုင်ငံ၏ ဩဇာကိုမျှမခံမှု၊ အမျိုးသားရေးရပ်တည်မှု၊ စည်းလုံးညီညွတ်မှုတို့ကို မလိုလား၍ နယ်ချဲ့(ကိုလိုနီ)ပုံစံသစ်အရ အမေရိကန်နှင့်အပေါင်းအပါ (နယ်ချဲ့လက်ဟောင်း၊ လက်သစ်)များက ရန်လိုနေကြခြင်းသာ ဖြစ်ပေသည်။

အမေရိကန်သည် တစ်သန်းခွဲခန့်ရှိသော ၎င်း၏စစ်အင်အား ထက်ဝက်ကျော်ကို နိုင်ငံတကာမြေပြင်၊ ရေပြင်တို့၌ ကြည်း၊ရေ၊လေ မရိန်းတပ်စစ်စခန်းပေါင်း ၇၂၀ကျော်ဖြန့်ကြက်ကာ စစ်အင်အား ထူထောင်ထားသည်။ သမုဒ္ဒရာ၊ ပင်လယ်မှန်သမျှ၌ အမေရိကန် စစ်သင်္ဘောအုပ်စုများရှိနေသည်။ တောင်/မြောက်အမေရိက၊ ဥရောပ အရှေ့အလယ်ပိုင်း၊ အာဖရိက၊ဩစတြေးလျ၊ အာရှအရှေ့ဖျား ဒေသနိုင်ငံများ၌လည်း အမေရိကန်စစ်စခန်းများ ရှိနေသည်။

တစ်ချိန်က ဗြိတိန်၊ ပြင်သစ်၊ ဒတ်ချ်၊ စပိန်၊ ပေါ်တူဂီ၊ ဘယ်လ်ဂျီယံစသည့် ဥရောပစက်မှု အရင်းရှင် နယ်ချဲ့နိုင်ငံများက ကမ္ဘာ့နိုင်ငံများကို ကျူးကျော်နယ်ချဲ့သိမ်းပိုက်သွေးစုပ်ခဲ့သည်။ ယင်းနယ်ချဲ့ အင်ပိုင်ယာများသည် တိုက်ရိုက်ကျွန်ပြု သွေးစုပ်ဖိနှိပ်သော နယ်ချဲ့ပိုင်နက်ကြီးများဖြစ်သည်။

ယနေ့ ကမ္ဘာတစ်ခွင် စစ်စခန်းများတိုးချဲ့ပြီးရင်း၊ တိုးချဲ့ရင်း တည်ဆောက်နေသော အမေရိကန်၏ စစ်အင်ပိုင်ယာက အဆိုပါနယ်ချဲ့လက်ဟောင်းများ၏ အင်ပိုင်ယာနှင့်ပုံစံမတူပေ။အမေရိကန်၏ လုပ်နည်းမှာ စစ်အင်ပိုင်ယာတည်ထောင်ကာ ကမ္ဘာတစ်ခွင် ဗိုလ်ကျစိုးမိုးပြီးမှ ဩဇာခံနိုင်ငံများ၊ ထားရာနေစေရာသွား ရုပ်သေးအစိုးရများ ဖန်တီးပေးသော ကိုလိုနီပုံစံသစ်ဖြစ်ပါသည်။ အမေရိကန်က နိုင်ငံတစ်ခုကို ကျူးကျော်တိုက်ခိုက်လိုလျှင် နီးရာစစ်စခန်းမှအလွယ်တကူသွား တိုက်ရန်ဖြစ်သည်။ ယခုလတ်တလော ဆိုမာလီယာကို ဗုံးကြဲရာ၌ ဆိုမာလီယာနိုင်ငံအနီးရှိ ဂျီဘူတီနိုင်ငံ အမေရိကန်စစ်စခန်းကြီးမှ လေယာဉ်ထပ်ပျံပြီး ဗုံးကြဲခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ၏အရှေ့ဘက် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌လည်း အမေရိကန်စစ်သင်္ဘောအုပ်စုများက စိုးမိုးထားသည်။ ယခုခေတ်စစ်သင်္ဘောများသည် ရေတပ်သက်သက်မဟုတ်၊ လေ ယာဉ်တင်သင်္ဘောများ၊ ဒုံးကျည်ဒုံးပျံတပ်၊ မရိန်း(ကမ်းတက်)တပ်၊ ထောက်ပံ့ရေးတပ် အစုံပါသည်။ အတ္တလန္တိတ်သမုဒ္ဒရာအရှေ့ဘက်ဥရောပကိုလည်း အမေရိကန်တပ်အလုံးအရင်းပါသော နေတိုး စစ်အုပ်စုက စိုးမိုးထားသည်။ တောင်ဘက်ဆင်းလာလျှင် အရှေ့အလယ်ပိုင်း အာရပ်ရေနံသူဌေး ပဒေသရာဇ်နိုင်ငံများတွင် အမေရိကန် စစ်စခန်းများရှိနေသည်။ အီရတ်တွင် ယခုအခါအမေရိကန်စစ်သား တစ်သိန်းခွဲကျော်ရှိသည်။ ပင်လယ်ကွေ့ဒေသ၊ ပါရှန်ပင်လယ်ကွေ့၊ မြေထဲပင်လယ်၊ အိန္ဒိယသမုဒ္ဒရာတို့၌လည်း အမေရိကန်စစ်သင်္ဘောအုပ်စုများ ဖြန့်ကြက်ထားသည်။

အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံများစွာ၌လည်း အမေရိကန်စစ်စခန်းများရှိသည်။ အမေရိကန်ပြည်ထောင်စုအနောက်ဘက် ဟာဝိုင်ယီပြည်နယ်(ကျွန်းစု)နှင့် ပစိဖိတ်သမုဒ္ဒရာတစ်ခွင်တွင်မူ အမေရိကန် စစ်စခန်းများ၊ စစ်သင်္ဘောအုပ်စုများ ပြည့်နှက်နေသည်။ ပစိဖိတ်သမုဒ္ဒရာ (အာရှအရှေ့ဖျား) မာရှယ်ကျွန်း၊ တိုင်နီယံကျွန်း၊ ဂူအမ်ကျွန်း၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် တရုတ်(တိုင်ပေ)တို့တွင် အမေရိကန်စစ်သင်္ဘော အုပ်စုများ၊ လေတပ်များ၊ ကြည်းတပ်စခန်းများ ရှိနေသည်။ တောင်ကိုရီးယားတွင် အမေရိကန်စစ်သား လေးသောင်း၊ ဂျပန်နိုင်ငံတွင် လေးသောင်းတပ်စွဲထားပေသည်။

အရှေ့တောင်အာရှ (ယခုအာဆီယံအဖွဲ့ဝင်) ၁၀နိုင်ငံတွင် ယခင်က ဖိလစ်ပိုင်၌ အမေရိကန်စစ် စခန်းလေးခုရှိသည်။ ဖိလစ်ပိုင်ပြည်သူတို့က မဆုတ်မနစ်ဆန္ဒပြနှင်ထုတ်၍ အမေရိကန်စစ်စခန်းများ ရုပ်သိမ်းသွားခဲ့ရသည်။ အရှေ့တောင်အာရှနှင့် ပတ်ဝန်းကျင်တွင် အမေရိကန်တို့ ပစ်မှတ်ထားနေသော ကွန်မြူနစ်နိုင်ငံကြီး၊ နိုင်ငံငယ်များသည် စီးပွားရေးအင်အား၊ ကာကွယ်ရေးစွမ်းပကား၊ လူ့အင်အား တိုးပွားလာနေသဖြင့် အမေရိကန် မျက်စိစပါးမွေးစူးနေသော နိုင်ငံများဖြစ်နေသည်။ အထူးသဖြင့် ကိုလိုနီနိုင်ငံများ၏ ဩဇာကိုမခံဘဲ အမျိုးသားရေးရပ်တည်ချက်ကို အလေးထားသောနိုင်ငံများသည် အမေရိကန်၏ ပစ်မှတ်ကြီး၊ ပစ်မှတ်လတ်၊ ပစ်မှတ်ငယ်နိုင်ငံများ ဖြစ်နေပေသည်။

ယင်းပစ်မှတ်နိုင်ငံများကို ဖြိုဖျက်ပြီး ဒေသတစ်ခွင်လုံးကို စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးစိုးမိုး ဗိုလ်ကျရန်ဟူသော ယနေ့အမေရိကန်မူဝါဒအရ အမေရိကန်စစ်အင်ပိုင်ယာကို တိုးချဲ့တည် ဆောက်ရန် လိုအပ်နေသည်။ လက်ရှိအနေအထား၌ အာဆီယံ၁၀နိုင်ငံတွင် အမေရိကန်စစ် စခန်းကြီးများမရှိဘဲကွက်လပ်ဖြစ်နေရာ ကမ္ဘာတစ်ပတ် ပုတီးကုံးသီသလို စီတန်းချထားသည့် အမေရိကန်စစ်အင်ပိုင်ယာသည် အရှေ့တောင်အာရှတွင် စစ်စခန်းပုတီးစေ့များမသီနိုင်ဘဲ ပုတီးကွဲ ပြတ်တောက်လျက်ရှိနေသည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် အမေရိကန်အတွက် မဟာဗျူဟာမြောက်နိုင်ငံဖြစ်လာသည်။မြန်မာနိုင်ငံတွင်၎င်းတို့အလိုကျကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရတက်လာလျှင် အမေရိကန် စီးပွားရေးလုပ်ငန်းရှင်များနှင့် အမေရိကန်စစ်စခန်းများ လိှမ့်ဝင်လာနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အမေရိကန်စစ်စခန်းစုံရှိလျှင်ဝန်းကျင်နိုင်ငံများကို စစ်ရေးဩဇာ စိုးမိုးနိုင်မည်ဖြစ်သည်။

သို့ရာတွင် မြန်မာနိုင်ငံအစိုးရ အဆက်ဆက်က ပြည်ပစစ်စခန်းများကို လုံးဝလက်မခံ၊ ငွေကြေးမက်လုံးကိုလည်း လုံးဝလက်မခံ၊ ဖိအားပေးခြိမ်းခြောက်မှုကို ပြတ်သားစွာပယ်ချပြီး မြန်မာ့ရပ်တည်ချက်မှန်အတိုင်း ကျင့်သုံးလျက်ရှိသည်။

၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် (NLDနှင့် SNLD အပါအဝင်) နိုင်ငံရေးပါတီ ၁၀ခု၊ ရွေးချယ်ခံကိုယ်စားလှယ်အမတ်များ၊ ပြည်နယ်/တိုင်းဒေသစုံမှ တိုင်းရင်းသားစုံ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ နိုင်ငံ့ဝန်ထမ်း၊ အသိပညာရှင်အတတ်ပညာရှင်များ၊ ငြိမ်းချမ်းရေးရယူခဲ့သည့်တိုင်းရင်းသားအဖွဲ့များ၊ သမိုင်းပညာရှင်များ၊ နိုင်ငံရေးနှင့် နိုင်ငံတကာရေးရာ ကျွမ်းကျင်သော သံတမန်အငြိမ်းစားများ တက်ရောက်သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးကြီးက နိုင်ငံတော်အခြေခံမူကြီး (၁၀၄)ချက်ကို တညီတညွတ်ချမှတ်ခဲ့သည်။ ယင်းအခြေခံမူ (၁၀၄)ချက်တွင် **"နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု"**ဟူသော အခြေခံမူကြီး ပါဝင်ခဲ့သည်။

ယင်းအခြေခံမူသည် အမေရိကန်၏ စစ်အင်ပိုင်ယာ စိတ်ကူးယဉ်အိပ်မက်ကို ပျက်ပြယ်စေခဲ့သည်။ ထိုအချိန်မှစပြီး ယင်းအခြေခံမူပျက်အောင် အမျိုးသားညီလာခံပျက်စေရမည်ဟုရှုမြင်ကာ မြန်မာနိုင်ငံကို အမေရိကန်တို့နည်းမျိုးစုံဖြင့် တိုက်ကွက်ဆင်လာသည်။ အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးများကို ပိုမိုထောက်ပံ့ ပွဲထုတ်လာသည်။ ပြည်ထောင်စုပြိုကွဲသွားအောင် ပြည်ပြေးတစ်စုကိုခွဲထွက်ရေး ကြွေးကြော်လှုပ်ရှားစေသည်။ ဆူပူမှု၊ ဖောက်ခွဲအကြမ်းဖက်မှုများဖြင့် နိုင်ငံဖြိုဖျက်ရေး၊ ညီလာခံဖျက်ဆီးရေး လုပ်ရပ်များကို လုပ်ဆောင်လာခဲ့သည်။ အမေရိကန်နှင့်နောက်လိုက် ဥရောပနယ်ချဲ့လက်ဟောင်းနိုင်ငံများက မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့နှောင့်ယှက်ပြီး အကြမ်းဖက်သောင်းကျန်းသူများကိုမူ အားဖြည့်ထောက်ပံ့ခဲ့သည်။

ကုလသမဂ္ဂ၏ ရည်ရွယ်ချက်များ၊ အခြေခံမူများ၊ ပဋိညာဉ် စာချုပ်ကြီးပါမူများနှင့် အဖွဲ့ဝင်နိုင်ငံ အများစု၏ ဆုံးဖြတ်ချက်များကို ပမာမခန့်ဆန့်ကျင်သွေဖည်ကာ ယင်းသို့ထင်ရာစိုင်းလေ့ရှိသော အမေရိကန်သည် အခါများစွာ၌လည်း အလှည့်အပတ်၊ ပရိယာယ်ဝေဝုစ်၊ အကွေ့အကောက်များဖြင့် ၎င်းတို့ အကျိုးစီးပွားအတွက် ကုလသမဂ္ဂကို အသုံးချနေသည်ကို ကမ္ဘာက စိတ်မချမ်းမြေ့စွာ မြင်တွေ့နေရပေသည်။

အထူးသဖြင့် ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံမှ အမျိုးသားရေးအင်အားစု၊ အမျိုးသားရေးရပ်တည်ချက်နှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ရလဒ်များကို ဖျက်ဆီးလျက် ၎င်းတို့၏ ပုဆိန်ရိုး ရုပ်သေးအစိုးရလက်အာဏာသက်ရောက်စေရန် လူ့အခွင့်အရေးချိုးဖောက်မှု၊ မူးယစ်ဆေးဝါးပပျောက်အောင်မလုပ်ဆောင်မှု၊ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု၊ ဘာသာရေးဖိနှိပ်မှု၊ တိုင်းရင်းသားလူမျိုးများအားနှိမ်နင်းမှု၊ HIV/AIDS၊ တီဘီနှင့်ငှက်ဖျားရောဂါများ ပိုမိုပြန့်ပွားလာမှု စသည့် မုသားစွပ်စွဲချက်များဖြင့် ဝါဒဖြန့်ထိုးနှက်တိုက်ခိုက်လာသည်။

ကုလသမဂ္ဂ၊ ILO စသည့် အဖွဲ့အစည်းများ၏ အစည်းအဝေးများ၊ ညီလာခံများကို တလွဲအသုံးချပြီး မြန်မာနိုင်ငံအပေါ် ဒုက္ခပေးရန်ကြိုးပမ်းနေသည့် အမေရိကန်၏လုပ်ရပ်များကို ကမ္ဘာက မြင်သိနေကြပြီးဖြစ်သည်။ ၂၀၀၆ခု စက်တင်ဘာလ ၁၅ရက်နေ့၌ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီတွင် မြန်မာနိုင်ငံ၏ အခြေအနေ Situation in Myanmar ခေါင်းစဉ်ဖြင့် လုံခြုံရေး ကောင်စီ၏ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းရန် အမေရိကန်က အဆိုပြုခဲ့သည်။ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ဗီတိုအာဏာပိုင်ရှင် တရုတ်နှင့်ရုရှားအပါအဝင် ကန့်ကွက်သည့်နိုင်ငံ လေးနိုင်ငံ၊ မဲမပေးဘဲနေသော နိုင်ငံတစ်နိုင်ငံ၊ ထောက်ခံသောနိုင်ငံ ၁၀နိုင်ငံတို့၏ မဲဖြင့် အတည်ပြုခဲ့ရသည်။

ထိုစဉ်ကပင် ကုလသမဂ္ဂဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့်ဘက်မလိုက် ၁၁၆နိုင်ငံ ညီလာခံက ယင်းလုပ်ရပ်သည် ကုလသမဂ္ဂပဋိညာဉ်စာချုပ်အပိုဒ် (၂၄) နှင့် ဆန့်ကျင်ကြောင်း၊ မြန်မာနိုင်ငံသည် ဒေသတွင်းနှင့်ကမ္ဘာ့ငြိမ်းချမ်းရေးကို လုံးဝမထိပါး၊ မခြိမ်းခြောက်ကြောင်း ကန့်ကွက်ပြောကြားခဲ့ကြသည်။ ကာတာနိုင်ငံကလည်း ဒေသတွင်းရှိ မည်သည့်နိုင်ငံကမျှ မြန်မာနိုင်ငံအခြေအနေသည် ဒေသငြိမ်းချမ်းရေး ခြိမ်းခြောက်သည်ဟု မယူဆကြောင်း ပြောကြားကန့်ကွက်ခဲ့သည်။

ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များနှင့် ပြည်ပြေးသောင်းကျန်းသူများကမူ နယ်ချဲ့အားကိုးပုဆိန်ရိုးများပီပီ အမေကျော်ဒွေးတော်လွမ်းကာ အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေးလုပ်ဆောင်မှုကို ဝမ်းသာအားရ ကြိုဆိုထောက်ခံခဲ့ကြသည်။ အမေရိကန်အစိုးရ၏ လုပ်ရပ်များနှင့် စည်းကိုက်ဝါးကိုက်အချိန်ကိုက် အတိုင်အဖောက်ညီညီ လိုက်ပါလှုပ်ရှားစည်းရုံးလှုံ့ဆော်ခဲ့ကြသည်။

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၁ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ယာယီသံအမတ်ကြီး အလက်ဂျန်ဒရိုဒီဝုဖ်က အမေရိကန်နှင့်ဗြိတိန်တို့ ပူးပေါင်းပြုစုသည့် မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရေး ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီသို့ တင်သွင်းခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

အခြေခံပညာ ကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် အခြေခံပညာ ကျောင်းပေါင်းစုံရှုံးထွက် ခရစ်ကက်အားကစား ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်လမ်းနှင့် ဦးဝိစာရလမ်းထောင့်ရှိ ဗဟန်း အားကစားကွင်း၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော် (MYANMAR PRIDE INTERNATIONAL LTD.)နှင့် အမှုဆောင်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ခရစ်ကက် အားကစား ဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အနိုင်ရဗိုလ်စွဲ

ဗိုလ်လုပွဲတွင် လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အသင်းနှင့် ပန်းဘဲတန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လမ်းမတော်မြို့နယ်အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း အသင်းက (SCORED 73 RUN IN 15 OVER. SCORED 40 RUN IN 15 OVER. WON BY S.H.S NO.(1) LANMADAW) အနိုင်ရရှိ ဗိုလ်စွဲသွားသည်။

ချီးမြှင့်

ပြိုင်ပွဲတွင် BEST BATSMAN ဆုကို ဝေဖြိုးနိုင် [လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း]က လည်းကောင်း၊ BEST BOWLER ဆုကို မောင်သော်ဇင် [လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း]က လည်းကောင်း၊BEST ALL -ROUNDER ဆုကို မင်းဟိန်းခန့်[မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းက လည်းကောင်း အသီးသီးရရှိကြပြီး တစ်ဦးလျှင် ဆုကြေးငွေကျပ် ၅၀၀၀စီနှင့် နှစ်သိမ့်ဆုရရှိကြသော အသင်းလေးသင်းကိုလည်း တစ်သင်းလျှင်ဆုကြေးငွေကျပ် ၂၀၀၀၀ စီ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံခရစ်ကက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းက ဒုတိယ ရရှိသော ပန်းဘဲတန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း အသင်းအား ဆုကြေးငွေကျပ် ၄၀၀၀၀ ကို ပေးအပ်ချီးမြှင့်ပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ဗိုလ်စွဲသွားသော လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အသင်းအား ဒိုင်းဆုကြီး၊ ဆင့်ပွားဒိုင်းနှင့် ဆုကြေးငွေကျပ် ၇၀၀၀၀ကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပညာရေးငွေပဒေသာပင်အတွက် မေတ္တာညွန့်ရပ်ကွက် ဇာတိဂုဏ်လမ်းနေ ဦးဖိုးပြည့်-ဒေါ်မြင့်မြင့်ခိုင်၊ သား မောင်အောင်ပြည့်ခိုင် မိသားစုတို့က အလှူတော်ငွေကျပ်တစ်သိန်းလှူဒါန်းရာ ကျောင်းအုပ်ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၀၈)

၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် အခြေခံပညာ ကျောင်းပေါင်းစုံ ရှုံး/ထွက် ခရစ်ကက်အားကစား ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အသင်းအား အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ ဒိုင်းဆုကြီး ချီးမြှင့်စဉ်။ (ခရစ်ကက်အဖွဲ့ချုပ်)

မြို့တော်ဝန်ဖလားဖူဆယ်ဘောလုံးပွဲ UPT အသင်းအနိုင်ရဗိုလ်စွဲ

ရန်ကုန် ဇန်နဝါရီ ၁၄

ဒုတိယအကြိမ်မြောက် မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲနောက်ဆုံး ဗိုလ်လုပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပရာ UPTအသင်းက GALAXYအသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

UPT **အသင်း** **လေးဂိုး**
(အေးမင်းဝင်း၊ တင်မင်းထွန်း၊ ထက်အောင်နှင့်ဝ င်းမင်းထွဋ်-တစ်ဂိုးစီ)
GALAXY **အသင်း** **သုံးဂိုး**
(ထွန်းလင်းအောင်-နှစ်ဂိုး၊ ကျော်ဇင်ညွန့်-တစ်ဂိုး)
ဒိုင်လူကြီး ဦးဝင်းချို၊ ဦးထွန်းရီ

အဆင့်မြင့်တန်း ဘောလုံးအသင်းများမှ အားကစားသမားများကို အခြေခံဖွဲ့စည်းထားသည်နှင့်အညီ ပွဲမှာသူတင်ကိုယ်တင်ရှိခဲ့ပြီး အနိုင်ရဗိုလ်စွဲရေးအားကုန်ထုတ် ကစားခဲ့ရသည်။ ယမန်နှစ် အာဆီယံ ဖူဆယ်ဘောလုံးပြိုင်ပွဲ တတိယဆုရ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းတွင် ပါဝင်ခဲ့သော တင်မင်းထွန်းမှာ UPT အသင်းတွင် လည်းကောင်း၊ ကျော်ဇင်ညွန့်မှာ GALAXY အသင်းတွင် လည်းကောင်း ဦးဆောင် ပါဝင်ကစားခဲ့ကြသည်။

မြန်မာ့လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင် ဘောလုံးသမားများဖြစ်ကြသည့် တင်မင်းထွန်း၊ ဝင်းမင်းထွဋ်၊ ဖြိုးမင်းမောင်စသည့် ကစားသမားများပါဝင်ကြသော UPT အသင်းမှာ ဂိုးစတင်ပေးခဲ့ရသော်လည်း နောက်ပိုင်းတွင် ဦးဆောင်အနိုင်ဂိုးများ သွင်းယူကာ အနိုင်ရဗိုလ်စွဲသွားခြင်းဖြစ်သည်။မြန်မာ့လက်ရွေးစင်ဘောလုံးသမား ဟောင်းလာကျဲအိုလွယ်၊ မြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးသမားဟောင်းကျော်ဇင်ညွန့်တို့ ပါဝင်သည့် GALAXY အသင်းမှာ ဂိုးစတင်သွင်းယူနိုင်သော်လည်း အနိုင်ကို မထိန်းနိုင်၍ ဒုတိယဖြင့်ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ဗိုလ်လုပွဲ အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးတင်အောင်က ပူးတွဲတတိယဆုရ စမ်းချောင်းလူငယ်အသင်းနှင့် Royal Seamanအသင်းတို့အား ဆုကြေး ကျပ်နှစ်သိန်းစီကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဥာဏ်ထွန်းက ဒုတိယဆုရ GALAXY အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ကျပ်ခြောက်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပထမဆုရ UPT အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များချီးမြှင့်သည်။ ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ကိုယ်စား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အထွေထွေ အတွင်းရေးမှူး ဦးတင်စိုးက ပထမဆုရ UPT အသင်းအား ချန်ပီယံဆုဖလားနှင့် ကျပ် ၁၀သိန်း ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

ဒုတိယအကြိမ် မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ချန်ပီယံ UPT အသင်းအား တွေ့ရစဉ်။ (ကြေးမုံ)

အင် တာ နက် ကျန်း မာ ရေး သ တင်း

အအေးမိနှင့် ချောင်းဆိုးပျောက်ဆေး ကလေးများကို အရမ်းမတိုက်သင့်

နယူးယောက် ဇန်နဝါရီ ၁၃

အမေရိကန်နိုင်ငံတွင် ၂၀၀၅ခုနှစ်က ကလေးသုံးဦးအား အလွယ်တကူဝယ်ယူရရှိနိုင်သော ချောင်းဆိုးပျောက်ဆေးများတိုက်ကျွေးပြီးနောက် သေဆုံးခဲ့သည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။ ထိုဖြစ်ရပ်ကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ကို လေ့လာစူးစမ်းခဲ့ကြသည်။

ထိုစဉ်က သေဆုံးသွားသော ကလေးများမှာ အသက်ခြောက်နှစ်နှင့် နှစ်နှစ်အကြားရှိ ကလေးများဖြစ်ကြောင်းတွေ့ရှိကြရသည်။ ထိုကလေးများ၏ သွေးထဲတွင် ဆူဒိုအက်ဖ်ဒရင်းခေါ် ဓာတ်ပစ္စည်းတစ်မျိုး အများအပြားတွေ့ရှိခဲ့ရသည်။

အသက်နှစ်နှစ်မှ ၁၂နှစ်အရွယ် ကလေးများကို တိုက်ကျွေးသင့်သည့် ဆူဒိုအက်ဖ်ဒရင်းပမာဏ၏ ၁၄ဆမက များပြားနေသည်ကို ဓာတ်ခွဲစမ်းသပ်တွေ့ရှိခဲ့ရသည်။

ဆူဒိုအက်ဖ်ဒရင်းကြောင့် လူကို နှလုံးခုန်မြန်စေခြင်း၊ အစာကြေမှုနှေးကွေးစေခြင်းနှင့်သွေးပေါင်ချိန်မြင့်တက်စေခြင်းတို့ ဖြစ်ပေါ်စေသည်။ ဆေးပညာရှင်များက အသက်နှစ်နှစ်အောက် ကလေးများအား ချောင်းဆိုးပျောက်ဆေး တိုက်ကျွေးမည်ဆိုလျှင် မိမိသဘောအတိုင်း မတိုက်ကျွေးဘဲ ကလေးအထူးကု ဆရာဝန်နှင့်တိုင်ပင်ပြီးမှသာ တိုက်သင့်ကြောင်း အကြံပြုထားသည်။

ဆေးပုလင်းတစ်ပုလင်းကို ကြည့်မည်ဆိုလျှင် ဆေးအကြိမ်မည်မျှသောက်သုံးသင့်သည်၊ မည်သို့ဘေးထွက်ဆိုးကျိုးများရှိသည်၊ မည်သည့်ဆေးဝါးများနှင့်မတည့်ကြောင်းစသည်များကို ဖော်ပြထားတတ်သည်။

ထို့အပြင် အသက်(၂)နှစ်အောက် ကလေးငယ်ကို တိုက်ကျွေးသင့်သည့် ဆေးအကြိမ်များကိုပါ ဖော်ပြထားလေ့ရှိသည်။ ထိုအချက်များကိုဖော်ပြထားခြင်းမရှိသော အအေးမိနှင့် ချောင်းဆိုးပျောက်ဆေးမျိုးကို မိဘများသည် မိမိသဘောဖြင့် မတိုက်ကျွေးသင့်ဘဲ တတ်ကျွမ်းသူဆရာဝန်ကို ပြသမေးမြန်းပြီးမှသာ ညွှန်ကြားချက်အတိုင်း လိုက်နာတိုက်ကျွေးသင့်ကြောင်း ကျွမ်းကျင်သူများက သတိပေးထားသည်။

အအေးမိနှင့်ချောင်းဆိုးပျောက်ဆေးများသည် လူကြီးအတွက် အန္တရာယ်မဖြစ်နိုင်သော်လည်း ကလေးများအတွက် ဘေးမကင်းသည့် အခြေအနေမျိုးဖြစ်ပေါ်နိုင်သည်ဆိုသောအချက်ကို သတိပြုဆင်ခြင်သင့်သည်ဟု အင်တာနက်ဆေးပညာကဏ္ဍ၌ သတိပေးထားသည်။ ***အင်တာနက်***

ကလေးငယ်များကို အအေးမိနှင့် ချောင်းဆိုးပျောက်ဆေးများ အရမ်းမဲ့ မတိုက်ကျွေးသင့်။ (ဓာတ်ပုံ-အင်တာနက်)

အခွန်ဆိုင်ရာသိကောင်းစရာများ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

အခွန်ဆိုင်ရာသိကောင်းစရာများကို အခွန်ထမ်းပြည်သူများအတွက် ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိနိုင်ရန် မွန်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်ဆိုင်ရာသိကောင်းစရာများ ရှင်းလင်းပွဲကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၈ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးထွန်းထွန်းအောင်၊ မော်လမြိုင်မြို့နယ် ဦးစီးဌာနမှူး ဦးအေးကြူနှင့် ဝန်ထမ်းများ၊ မော်လမြိုင်မြို့နယ်ရှိ ပွဲရုံလုပ်ငန်းရှင်များ၊ ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းရှင်များ၊ ဆန်ကုန်သည်ကြီးများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် စက်မှုဇုန်ရှိ ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းရှင်များ၊ အခွန်ထမ်းပြည်သူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွဋ်၏ စီစဉ်ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၁၃ရက်က ဦးစံဖေရပ်ကွက်၌ ပြည်သူများ မီးဖိုမီးသုံးစွဲမှု အခြေအနေများကို မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး ဦးခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်နှင့် အဖွဲ့ဝင်များ လိုက်လံစစ်ဆေးကြစဉ်။ (၅၀၆)

✱ စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

ဇန်နဝါရီလ ၁၂ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆွေးနွေးကြရာ တရုတ်သံအမတ်ကြီး မစ္စတာဝမ်ကွမ်းရက မြန်မာ့အရေးမှာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု၏ ပြည်တွင်းရေးသာ ဖြစ်သည်။ မြန်မာ့ပြည်တွင်းရေးသည် နိုင်ငံတကာလုံခြုံရေးကို ခြိမ်းခြောက်ရာမရောက်ဟု ပြောကြားကန့်ကွက်ခဲ့သည်။

ရုရှားဖက်ဒရေးရှင်းသံအမတ်ကြီး မစ္စတာဗိုက်တလီချာကင်ကလည်း မိမိတို့နှင့်မြန်မာ့အိမ်နီးချင်းနိုင်ငံတို့က မြန်မာ့အခြေအနေသည် နိုင်ငံတကာနှင့် ဒေသတွင်းငြိမ်းချမ်းရေးကို ခြိမ်းခြောက်သည်ဟု မယူဆကြောင်း၊ ယခုလုပ်ရပ်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီအား ဘောင်ကျော်လုပ်ဆောင် အသုံးချလာခြင်းသာဖြစ်ကြောင်း ပြောကြားကန့်ကွက်သည်။ တောင်အာဖရိကနိုင်ငံ သံအမတ်ကြီး မစ္စတာဒူမီဆာနီအက်စ် ကူမာလိုကလည်း ကျင်းပဆဲအာဆီယံနိုင်ငံများ အစည်းအဝေးက မြန်မာ့အရေးကိစ္စသည် နိုင်ငံတကာလုံခြုံရေး၊ ငြိမ်းချမ်းရေးကို မခြိမ်းခြောက်ဟု ပြောကြားကြောင်း၊ မိမိတို့ကလည်း အလားတူရှုမြင်ကြောင်း ပြောကြားကန့်ကွက်ခဲ့သည်။

အမေရိကန်နှင့်ဗြိတိန်တို့ ပူးပေါင်းတင်သွင်းသော ဆုံးဖြတ်ချက်မူကြမ်းကို လုံခြုံရေးကောင်စီ(ဗီတိုပိုင်ရှင် အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံ၊ အလှည့်ကျ ၁၀ နိုင်ငံ) မဲခွဲရာ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊အီတလီ၊ ဂါနာ၊ ပီရူး၊ ဆလိုဗက်ကီးယား၊ ပနားမားနှင့် ဘယ်လ်ဂျီယံ ကိုးနိုင်ငံတို့က ထောက်ခံမဲပေးကြသည်။ အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာသုံးနိုင်ငံက ကြားနေမဲပေးခဲ့ကြပြီး ရုရှား၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်မဲပေးကြသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ စည်းမျဉ်းစည်းကမ်းအရ ဆုံးဖြတ်ချက်မူကြမ်းတင်ပြရာတွင် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက သဘောမတူဘဲ ကန့်ကွက်မဲပေးလျှင် ဗီတိုအာဏာဖြင့် ပယ်ချခြင်းဖြစ်၍ ထိုဆုံးဖြတ်ချက် မချမှတ်နိုင်ပေ။ **ယခုကိစ္စတွင် ဗီတိုအာဏာပိုင်ရှင် ရုရှားနှင့် တရုတ်တို့က ဗီတိုအာဏာသုံးကာ ပူးပေါင်းကန့်ကွက်(ပယ်ချ)ကြရာ Double Veto Vote ခေါ် ဗီတိုအာဏာနှစ်ထပ်ကွမ်းဖြင့် ထူးထူးကဲကဲ ပယ်ချလိုက်ခြင်းဖြစ်သည်။**

ယင်းသို့ပယ်ချလိုက်ရသဖြင့် အမေရိကန်၊ ဗြိတိန်နှင့် အပေါင်းပါများ၊ ပြည်ပြေးပုဆိန်ရိုးများနှင့် အမျိုးသားသစ္စာဖောက်များက ဆွေ့ဆွေ့ခုန်ကာ မကျေမနပ်ဖြစ်နေကြသော်လည်း ကမ္ဘာက အမေရိကန်၏ ကုလသမဂ္ဂအပေါ် စံနှစ်မျိုးကျင့်သုံးကာ လိုရာဆွဲအသုံးချနေသောလုပ်ရပ် အရေးနိမ့်သွားခြင်းကို ကြိုဆိုကြသည်။ ဤအောင်ပွဲသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လိုသော ကမ္ဘာ့ပြည်သူများနှင့် နိုင်ငံတကာ၏အောင်ပွဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူ ၅၅ သန်းကျော်တို့၏ အောင်ပွဲဖြစ်ပေသည်။

အမေရိကန်နှင့် ဗြိတိန်တို့ ပူးတွဲတင်သွင်းသည့် ဆုံးဖြတ်ချက် မူကြမ်းတွင်ပါဝင်သော မြန်မာနိုင်ငံနှင့် စပ်လျဉ်းသည့် အကြောင်းပြစွပ်စွဲမှုများမှာလည်း တစ်ခုမှမမှန်ကြောင်းကို နေ့စဉ်သတင်းများ၊ သတင်းစာရှင်းလင်းပွဲများ၊ သတင်းဆောင်းပါးများကို လေ့လာသိရှိထားသူ မြန်မာတိုင်းနှင့် နိုင်ငံတိုင်းက သိထားကြပြီးဖြစ်သည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်မှု၊ ဒီမိုကရေစီအသွင်ကူးပြောင်းနေမှု၊ နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တိုင်းတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နေသူများ၊ နေ့စဉ်နှင့်အမျှ တွေ့မြင်လေ့လာ သိရှိနေသူများ၊ ဖြစ်ထွန်းလာသော အကျိုးစီးပွားရလဒ်များကို ၁၉၈၈ ကာလများနှင့်မတူ တစ်မူထူးခြားစွာ ရရှိခံစားနေရသော တိုင်းရင်းသားပြည်သူများနှင့်တကွ မြန်မာနိုင်ငံသို့ လာရောက်လေ့လာဖူးသူတိုင်း နားလည်သိရှိသဘောပေါက်နေကြပြီဖြစ်သည်။

အမေရိကန်နှင့် ဗြိတိန်တို့ ပူးတွဲတင်သွင်းသည့် ဆုံးဖြတ်ချက် မူကြမ်းတွင် ပါဝင်သော မြန်မာနိုင်ငံအပေါ် အကြောင်းပြစွပ်စွဲချက်များသည် အခြေအမြစ် အထောက်အထားကင်းမဲ့ကြောင်း၊ သတင်းဖြစ်ရပ်မှန်၊ မြေပြင်ပကတိဖြစ်ရပ်မှန်များနှင့် ကင်းကွာနေပြီး မြန်မာနိုင်ငံအပေါ် ဆန့်ကျင်ဘက် ပြုနေသူများနှင့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ လုပ်ကြံပုံဖျက်ထားသော အကြောင်းအရာများသာဖြစ်ကြောင်းကို ၎င်းတို့၏ အဆိုပြုချက်မူကြမ်းကို ကြည့်ရုံဖြင့် သိရှိနိုင်သည်။

၎င်းတို့တင်သွင်းသော အဆိုပြုချက်မူကြမ်းပါ အကြောင်းပြစွပ်စွဲချက်များကိုဖော်ပြရလျှင် "တိုင်းရင်းသားလူနည်းစု ဒေသများတွင် တိုက်ခိုက်နေမှုများကို ရပ်ဆိုင်းရန်၊ နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများကို ကန့်သတ်ချက်မရှိဘဲ ဆောင်ရွက်ခွင့်ပြုရန်၊ အဓမ္မခိုင်းစေမှု ပပျောက်ရေးအတွက် ILOနှင့်ပူးပေါင်းဆောင်ရွက် ရန်၊ နိုင်ငံရေးသမားများ၊ လက်ကျန်တောတွင်းလက်နက်ကိုင် သောင်းကျန်းသူများနှင့် တွေ့ဆုံဆွေးနွေးရန်၊ နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရန်"ဆိုသည့် အပ်ကြောင်းထပ်နေသော မဲပြာပုဆိုး တောင်းဆိုမှုများသာ ဖြစ်နေကြောင်း တွေ့ရှိရမည်ဖြစ်သည်။

အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းတင်သွင်းသည့် ၎င်းဆုံးဖြတ်ချက်မူကြမ်းပါတောင်းဆိုချက်များသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို မဆိုထားနှင့် ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်မှုမရှိကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စသက်သက်သာဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ပူးပေါင်းဆောင်ရွက် ဖြေရှင်းပေးနေသော ကိစ္စရပ်များသာဖြစ်ကြောင်းကို မြန်မာနိုင်ငံ၏ ပြောင်းလဲဖြစ်ပေါ်တိုးတက်နေသော နေ့စဉ်သတင်းများအား လေ့လာစောင့်ကြည့်ဖတ်ရှုနေသူတိုင်း နားလည်သဘောပေါက်ကြသည်။

မြန်မာနိုင်ငံဆိုင်ရာသံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ သတင်းစာ ဆရာများကိုယ်တိုင်လည်းနိုင်ငံအနှံ့ကျင်းပသော သတင်းစာရှင်းလင်းပွဲများ၊ လေ့လာရေး ခရီးစဉ်များတွင် လိုက်ပါလေ့လာကြည့်ရှုအကဲခတ်ခြင်းဖြင့် အမှန်နှင့်အမှား၊ အပြုနှင့် အဖျက်လုပ်ဆောင်ချက်များကို ခွဲခွဲခြားခြား နားလည်သဘောပေါက်ထားကြပြီလည်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်း လာရောက်တာဝန်ထမ်းဆောင် ကူညီနေကြသော ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့်နိုင်ငံတကာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုယ်တိုင်လည်း မြန်မာနိုင်ငံ၏ ပြောင်းလဲဖြစ်ထွန်းမှုများ၊ အပြုသဘောပူးပေါင်း ဆောင်ရွက်နေမှုများကို နားလည်သဘောပေါက်ထားကြပြီးဖြစ်ပါသည်။ တာဝန်သိသော စာနယ်ဇင်းသမားများကလည်း ကိုယ်တွေ့မျက်မြင်ကြုံတွေ့ခဲ့ရသော သတင်းအချက်လက်မှန်များ၊ ဖြစ်ရပ်မှန်များကို သတင်းစာဂျာနယ်၊ မဂ္ဂဇင်းများတွင်ရေးသားဖော်ပြ အသိပေးခဲ့ကြပြီးလည်းဖြစ်သည်။ ဆက်လက်၍လည်း အမှန်တရားဘက်မှ ခိုင်မာစွာရပ်တည်ပြီး လေ့လာရေးသား ဖော်ပြသွားမည်ဟု ယုံကြည်ပါသည်။

အမေရိကန်နှင့် ဗြိတိန်တို့၏ ယခုလုပ်ရပ်သည် မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုခုတုံးလုပ်အသုံးချရန် ကြိုးပမ်းနေခြင်းသာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေသည်။ ထို့ကြောင့် အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းတင်သွင်းသည့် အဆိုပြုချက်မူကြမ်းသည် ဆင်ခြင်တုံတရားကင်းမဲ့စွာ မုသားသုံး၍ မြန်မာနိုင်ငံကို ပုတ်ခတ်စွပ်စွဲထိုးနှက်နေခြင်းသာဖြစ်သည်ဟု အတိအလင်း ဆိုလိုက်ပါသည်။

မြန်မာတို့၏ပကတိဖြူစင်သော ရပ်တည်ချက်၊ နိုင်ငံနှင့် ကမ္ဘာ့မိသားစုတာဝန်များကို ကြိုးပမ်းဆောင်ရွက်ချက်၊ မြန်မာတို့၏ချစ်ကြည်ရေးနှင့် ငြိမ်းချမ်းရေးအားထုတ်ချက်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်အာဖရိကသမ္မတနိုင်ငံနှင့် ကမ္ဘာက အသိအမှတ်ပြုထောက်ခံကြသည်ကို မြန်မာပြည်သူတစ်ရပ်လုံးက ဝမ်းမြောက်အားရစွာ ကျေးဇူးဥပကာရတင်ရှိနေကြကြောင်း ဤဆောင်းပါးဖြင့် မှတ်တမ်းတင်လိုက်ရပါသည်။ ။

အာဆီယံချန်ပီယံ ဘောလုံးပြိုင်ပွဲ မြန်မာနှင့် မလေးရှားတို့ ဂိုးမရှိသရေပွဲဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၄

၂၀၀၆ခုနှစ် အာဆီယံချန်ပီယံ (ASEAN Football Championship 2006)ဘောလုံးပြိုင်ပွဲ အုပ်စု(က)မှ ဒုတိယနေ့ ပထမပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် မလေးရှားလက်ရွေးစင် ဘောလုံးအသင်းတို့ ယနေ့ဒေသစံတော်ချိန် ညနေ ၄နာရီတွင် ထိုင်းနိုင်ငံ Suphachalasai Stadiumဘောလုံးကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြဘဲ ဂိုးမရှိသရေ ဖြစ်သွားသည်။

ဇန်နဝါရီ ၁၆ရက်တွင် အုပ်စု(က)နောက်ဆုံးပွဲစဉ်များအဖြစ် မလေးရှားလက်ရွေးစင်ဘောလုံးအသင်းနှင့် ထိုင်းလက်ရွေးစင်ဘောလုံးအသင်းတို့သည်လည်းကောင်း၊ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် ဖိလစ်ပိုင် လက်ရွေးစင်ဘောလုံးအသင်းတို့သည်လည်းကောင်း ည ၇နာရီတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင် တာ နက် အား က စား သ တင်း များ

လာဆင်အား အပြီးအပိုင်ခေါ်ယူရေး မန်ယူအသင်းမန်နေဂျာ ပယ်ချ

လန်ဒန် ဇန်နဝါရီ ၁၄

အင်္ဂလန်ချ စာချုပ်အရ မန်ချက်စတာယူနိုက်တက်အသင်းတွင် ပါဝင်ကစားနေသူ ဟင်နရစ်လာဆင်အား အပြီးအပိုင်ခေါ်ယူရေးမှာ ယခုလာလောဆယ်တွင် မဖြစ်နိုင်သေးကြောင်း ယင်းအသင်း၏မန်နေဂျာ ဆာအေလက်စ်ဖာဂူဆန်က ယနေ့ပြောကြားသည်။

ဆွီဒင်ကလပ်အသင်းဖြစ်သော ဟယ်လ်ဆင်ဘော့ဂ်အသင်းမှ ငှားရမ်းထားသော လာဆင်သည် အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲတွင် ခြေစွမ်းပြနိုင်ခြင်းကြောင့် ၎င်းအား မန်ချက်စတာ ယူနိုက်တက်အသင်းက အပြီးအပြတ်ခေါ်ယူမည်ဟု သတင်းများပေါ်ထွက်နေချိန်အတွင်း ဖာဂူဆန်က ယင်းသို့ပြောကြားခြင်းဖြစ်သည်။လာဆင်သည် ဝါရင့်ဘောလုံးသမားတစ်ဦးဖြစ်ပြီး ဆဲလ်တစ်နှင့် ဘာစီလိုနာအသင်းတို့၏ တိုက်စစ်မှူးဟောင်းဖြစ်သည်။

အင်္ဂလန်ချစာချုပ်အရ လာဆင်သည် မန်ယူအသင်းတွင် မတ်လ ၁၂ရက်အထိ ရှိနေမည်ဖြစ်သည်။ ***အင်တာနက်။***

ဇန်နဝါရီ ၁၃ရက်က တူရင်မြို့တွင်ကျင်းပသော စီးရီးအေဘောလုံးပြိုင်ပွဲတွင် အင်တာမီလန်အသင်းမှ မာတာရာဇီက ပြစ်ဒဏ်ဘောသွင်းယူစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စီးရီးအေ ဘောလုံးပြိုင်ပွဲတွင် အင်တာမီလန် ၁၂ ပွဲဆက်တိုက် အနိုင်ရ

မီလန် ဇန်နဝါရီ ၁၄

အင်တာမီလန်အသင်းသည် စနေနေ့က တိုရင်နိုအသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် စီးရီးအေဘောလုံးပြိုင်ပွဲ၌ ၁၂ပွဲဆက်တိုက် အနိုင်ရရှိသည့်အသင်းအဖြစ် စံချိန်သစ်တင်နိုင်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပွဲချိန် ၁၂မိနစ်၌ အင်တာမီလန်အသင်းမှ အက်ဒရီယာနို ခြေချင်းဝတ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သော်လည်း လူစားမလဲဘဲ ဆက်လက်ကစားခဲ့သည်။ ပွဲချိန် ၂၄မိနစ်တွင် ဘရာဇီးလူမျိုး ဘောလုံးသမား အက်ဒရီယာနိုက ညာတောင်ပံမှ ပို့ပေးလိုက်သော ဘောလုံးကို ခေါင်းတိုက်ကာ ဂိုးသွင်းနိုင်သည်။

ပွဲချိန် ၆၀မိနစ်တွင် ဇလာတန် အီဘရာဟင်မိုဗစ်ချ်က မြေမကျဘောဖြင့် ဂိုးသွင်းနိုင်ခဲ့သည်။ တိုရင်နိုအသင်းအတွက် စတီဖာနိုမီအိုရီက ချေပဂိုးတစ်ဂိုးသွင်းယူခဲ့ပြီးနောက် နှစ်မိနစ်အကြာတွင် အင်တာမီလန်အသင်း ဒုတိယဂိုး ရရှိခြင်းဖြစ်သည်။

ပွဲချိန် ၈၄မိနစ်တွင် ပိုင်နယ်တီဧရိယာအတွင်း တိုရင်နိုဂိုးသမား ခရစ်တီယန်အဘာတီက အက်ဒရီယာနိုအား လဲကျစေမှုအတွက် အင်တာမီလန်အသင်း ပြစ်ဒဏ်ဘော ကန်သွင်းခဲ့ရသည်။ ထို့နောက် နောက်တန်းလူ မာတာရာဇီက အနိုင်ဂိုးသွင်းပေးနိုင်ခဲ့သည်။ ***အင်တာနက်***

ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ ဇန်နဝါရီ ၁၂ရက်က မုဒုံမြို့နယ် ဘိုးဘွားရိပ်သာ ဘဏ္ဍာရေးမှူး ဒေါက်တာမြင့်ဦး၊ ဇနီးဒေါ်ပြုံးကြည်(အငြိမ်းစား-ဗိုလ်ကြီး)၊ သမီး ဒေါက်တာ ခိုင်ဝေသွယ်ဦး၊ သား ဒေါက်တာ ထက်နေလင်းဦး မိသားစုက ငွေကျပ် တစ်သိန်းပေးအပ်လှူဒါန်းရာ ရိပ်သာအုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း) လက်ခံယူစဉ်။ (၂၅၇)

သန်လျင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်း မိခင်နှင့် ကလေးပြိုင်ပွဲ ဆုပေးပွဲကို ဇန်နဝါရီ ၄ရက်က မြို့နယ် အသင်းခန်းမ၌ကျင်းပရာ သုံးလမှ ခြောက်လ ပထမဆုရရှိသူ မြို့သစ်အလယ်ရပ်ကွက်မှ မောင်မြတ်ဘုန်းမြင့်အား မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရွှေ ဆုချီးမြှင့်စဉ်။ (၅၂၇)

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်

ရန်ကုန် ဇန်နဝါရီ ၁၄

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး ကြပ်မတ်ကြသည်။

(သတင်းစဉ်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၀၇ခုနှစ်(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဘွဲ့တံဆိပ်များချီးမြှင့်ခံရသော မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း၏ အသင်းဝင်များဖြစ်သော-

တစ်သက်တာစာပေဆုရ	ဒေါ်စောမုံညင်း (နာယက)	သီရိသုဓမ္မသိင်္ဂီ	ဒေါ်အုန်းကြင်
အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ	ဒေါ်ခင်မြင့်မြင့် (ဥက္ကဋ္ဌ)	သီရိသုဓမ္မသိင်္ဂီ	ဒေါ်ဝင်းဝင်းငွေ (မငယ်)
အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ	ဒေါ်အေးမြတ်နွယ်	သီရိသုဓမ္မသိင်္ဂီ	ဒေါ်ငွေးညွန့်
အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ	ဒေါ်ဝင်းဝင်းအေး (မကြီး)	သုဓမ္မသိင်္ဂီ	ဒေါ်ခင်ကြူကြူသန်း(ပြည်မြို့)

တို့အတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း

ကွယ်လွန်သူ ဦးစိုင်းစိုင်းအား ရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သံတံတားလမ်းနေ ဒေါ်ဝင်းဝင်းစိန် မိသားစုက မင်းကွန်းဓမ္မနာဒ (ဆွမ်း၊ ရေ၊ ဆေး) ပဒေသာပင်အတွက် အလှူတော်ငွေကျပ် နှစ်သိန်း၊ စစ်ကိုင်း-ဝါးချက် ကားလမ်းအတွက် အလှူတော်ငွေကျပ် တစ်သိန်း၊ စုစုပေါင်း ငွေကျပ်သုံးသိန်းကို ပိဋကတ်နှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ ပညာသိရီလင်္ကာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပဲခူးမြို့စိန်သာလျောင်းဗုဒ္ဓရုပ်ပွားတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ပဲခူး ဇန်နဝါရီ ၁၄

ပဲခူးမြို့သမိုင်းဝင် စိန်သာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၈ခုနှစ် တပို့တွဲလဆန်း ၁၂ ရက် (ဇန်နဝါရီ ၂၉ ရက်) မှ ၁၃၆၈ ခုနှစ် တပို့တွဲလပြည့် (ဖေဖော်ဝါရီ ၁ ရက်) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် ပူဇော်ပြီး ပဌာန်းရွတ်ဆိုပွဲ ကျင်းပမည်ဖြစ်သည်။ ပဲခူးမြို့ ဓမ္မလင်္ကာရကျောင်းတိုက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘဒ္ဒန္တ ဝိသုဒ္ဓ ဆရာတော်ကြီးအား အမှူးထား၍ ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူ၍ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနေကဇာတင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ တပို့တွဲလပြည့်နေ့ မွန်းလွဲ ၂ နာရီတွင် လှူဖွယ်ပစ္စည်းများကို လာရောက်လောင်းလှူနိုင်ကြကြောင်း သိရသည်။ (က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပ စေတီတော်ကြီးအား ပထမအကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် တောင်ဥက္ကလာပမြို့နယ် ၁၄/၂ ရပ်ကွက် ဇင်ယော်လမ်းနေ ဦးသိန်းအောင်-ဒေါ်စန်းကြည် မိသားစုက အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ဇန်နဝါရီ ၇ ရက်က စေတီတော် ဩဝါဒါစရိယ ပျော်ဘွယ်ဆရာတော် ဦးနာရိန္ဒထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၆၄)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်တွင်းကြီးမြို့ အုန်းတော(၂)ရပ်ကွက် ဗဟိုစည်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် အုန်းတော(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသကြိန်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဆက်ကပ်လှူဒါန်း

တောင်ငူ ဇန်နဝါရီ ၂

တောင်ငူမြို့နေ သုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ရွှေနှင်းဆီ ဒေါ်အုန်းခင်နှင့် ဆေးလိပ်ခုံ မိသားစုများ စုပေါင်းအလှူတော်အဖြစ် ဒီဇင်ဘာ ၁၀ ရက်က တောင်ငူမြို့ပေါ်ရှိ ကျောင်းတိုက်များမှ သံဃာတော် ၁၅၁ ပါးတို့အား သပိတ် ၁၅၁ လုံး၊ အပါအဝင် ဆွမ်း၊ ဆွမ်းဟင်းနှင့် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(၁၂၉)**

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဟောပြော

ပဲခူး ဇန်နဝါရီ ၆

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဟောပြောပွဲကို ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ပဲခူးမြို့၊ သီရိဟံသာခန်းမတွင် ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ လူမှုရေးနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်စမ်းစမ်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအကြောင်းကို အမျိုးသားစာပေဆုရ စာရေးဆရာမဒေါ်မြင့်သိင်္ဂီမော် **(အပေါ်ပုံ)**နှင့် ပဲခူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်ဝင်းတို့က ဟောပြောကြသည်။ အခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ **(ခရိုင်ပြန်/ဆက်)**

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ် မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ အနောက်မြို့ပတ်လမ်း (ပုလဲလမ်းဆုံ) ကျောက်ထပ်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အင်ဂျင်နီယာမှူး ဦးအောင်မျိုးဝေနှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်သန္တာသောင်းစိန်တို့ ဒီဇင်ဘာ ၂၄ ရက်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (ပြည်နယ်ပြန်/ဆက်)

ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်

ရေဦး ဇန်နဝါရီ ၉

ရေဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၂) ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၇ရက်က အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂) အစည်းအဝေးခန်းမဆောင်တွင် ကျင်းပရာ အပူဇော်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ တက်ရောက်ကြသည်။

ပြောကြား

အခမ်းအနားတွင် ရေဦးမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းက နှုတ်ခွန်းဆက် ဂါရဝပြုစကား ပြောကြားပြီး အပူဇော်ကန်တော့ခံ ဆရာကြီး ဦးစန်းငွေ၊ ဦးဌေးအောင်နှင့် ဆရာမကြီး ဒေါ်အောင်ကြည်တို့က ဩဝါဒစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသူ၊ ကျောင်းသားဟောင်းများက အပူဇော်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၃၆ဦးအား ပူဇော်ကန်တော့ကြပြီး ကျပ် ၁၀ သိန်းကို အသီးသီး ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(၃၉၀)**

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း (အနောက်ပိုင်း) ပန်းတောင်းမြို့နယ် စည်ပင်ယာရေးအဖွဲ့မှ ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးသော မင်းရပ်ရပ်ကွက် သိပ္ပံလမ်းရှိ အများသုံးအုတ်ရေကန်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

KMD (ဆိပ်ကမ်းသာ)

အခြေခံမှစ၍နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။

:: i-Office :: Graphics Design :: Desktop Publishing :: Email & Web Design :: Practical A+ :: Accpac Plus
:: AutoCAD :: Programming (C, C++, Java, VB.net, ASP, MS Access, Excel) :: LCCI Computerised Accounting

၅၅-၅၇၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၉၁၂၈၆/ ၃၉၁၂၈၇

သင့်သွေးဖြင့် အသက်ကယ်ပါ

YOUTH

လုပ်ငန်းခွင်ဝင်လိုသူများနှင့် ခေတ်မီစီးပွားရေးလုပ်ငန်းများအတွက်
❖Cert: in Business Environment
❖Windows XP (Office 2003) ❖DTP
❖Graphics Design ❖ACCPAC Plus

အဆိုတော်၊ တေးရေးဆရာများနှင့် လူငယ်များ တက်ရောက်ခဲ့ကြသော Computer Music သင်တန်းများ
❖ Pratical A+ ❖ Network+
❖ Computer Programming

188, 3rd Floor, KyaikKaSan Road, Tarmway. 095003596
No.27, Room-104, 2 St, B Block, Yuzana Garden City. 593281

ကုန်စည်ပြပွဲကျင်းပမည်

မုံရွာမြို့ ၂၅-၁-၂၀၀၇ မှ ၂၉-၁-၂၀၀၇ အထိ
ကလေးမြို့ ၂-၂-၂၀၀၇ မှ ၆-၂-၂၀၀၇ အထိ
ရေဦးမြို့ ၁၀-၂-၂၀၀၇ မှ ၁၄-၂-၂၀၀၇ အထိ

ရွှေခြသေ့သမဝါယမအသင်းလီမိတက်

၃၇၁၈၀၀၊ လိုင်းခွဲ-၃၉၄-၄၀၈၊ ၆၃၆၅၀၉၊ ၀၉-၅၁-၇၃၀၇၆။

အင်္ဂလိပ်စာ တိုးတက်လိုသော လူငယ်နှင့်ကလေးများအတွက်
သူရိယ စာတည်းအဖွဲ့၏
အောက်စ်ဖို့ရုပ်ပြအဘိဓာန် နှင့်
ကလေးများအတွက် ပထမအဆင့်ပုံပြ အဘိဓာန်
စာအုပ်များထွက်နေပါပြီ

သူရိယစာပေနှင့် စာအုပ်ဆိုင်
အမှတ်(၂၈)၊ မဟာဗောဓိလမ်း၊ ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၇၂၄၂၆၆

ဖိတ်ကြားအပ်ပါသည်

နာရေးကူညီမှုအသင်း(ရန်ကုန်) မှတ်ပုံတင်အမှတ်(၁၈၇၉)၏ (၆)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူ၊ အသင်းသားများ၊ စိတ်ပါဝင်စားသူ အလှူရှင်များ၊ လှူဒါန်းလိုသူများ တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ ။ ။ ၂၇-၁-၂၀၀၇
ကျင်းပမည့်အချိန် ။ ။ မွန်းလွဲ ၂း၀၀ နာရီ
ကျင်းပမည့်နေရာ။ ။ ။ ဗြဟ္မစိုဟာရ ပရိယတ္တိစာသင်တိုက်၊ သုဒဿနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်း။

နာရေးကူညီမှုအသင်း(ရန်ကုန်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့သင်္ဘောကျင်းလုပ်ငန်း
ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှအောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေ(Kyats)ဖြင့် ဝယ်ယူလိုပါ၍ချိပ်ပိတ်တင်ဒါ (Sealed Tender) များကိုပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	T(5)MS/2006-07	M.S plates High strength Hull Structural Steel ASTM A36 (1)16' x 4' x 8mm(or)20' x 5' x 8mm country of origin;U Kraine(or)India	1Lot
2.	T(6)MS/2006-07	Welding Equipments	1Lot

တင်ဒါပိတ်ရက်နှင့်အချိန် ၂၂-၁-၂၀၀၇ (၁၆း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၁၆-၁-၂၀၀၇)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

လက်ထောက်အထွေထွေမန်နေဂျာ(ပစ္စည်း)
ပစ္စည်းဌာန
မြန်မာ့သင်္ဘောကျင်းလုပ်ငန်း
ဆင်မလိုက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၃၆၅၂၁၊ ၅၃၆၁၁၆၊ ၅၃၆၁၅၈(လိုင်းခွဲ-၂၀)

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း

၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား ချီးမြှင့်သော **"သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်အပ်နှင်းခြင်းခံရသည့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အလုပ်အမှုဆောင် **"ဦးကိုကိုအေး"** **[အုပ်ချုပ်မှုဒါရိုက်တာ၊ အမျိုးသားဂေါက်သီးလေ့ကျင့်ရေး(မြန်မာ) လီမိတက်နှင့် ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်]** အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ရှေ့အနာဂတ်တွင်လည်း တိုင်းပြည်နှင့် လူမျိုးအကျိုး၊ သာသနာအကျိုးတို့အား ဆတက်ထမ်းပိုးတိုး၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်

မေတ္တာရှင်(ရွှေပြည်သာ)
မိရိုးဖလာဗုဒ္ဓဘာသာဝင် နှင့် တကယ့်ဗုဒ္ဓဘာသာဝင်
တကယ့်ဗုဒ္ဓဘာသာ နှင့် သစ္စာလေးပါးတရားတော်
ကျောင်းအမနတ်သမီး အလှူကြီး စာအုပ်ငယ်များ
ထွက်နေပါပြီ ဖုန်း ၀၉-၅၁-၁၆၆၆၃

7DAY SPORTS journal
သင့်အတွက်
အသစ်လွင်ဆုံး အလတ်ဆတ်ဆုံး အပြည့်စုံဆုံး
အားကစားဆိုင်ရာသတင်းများ၊ သတင်းဆောင်းပါးများ၊ ကဏ္ဍစုံလင်စွာ
ဘောလုံးရသအပြည့်ဖြင့် ယနေ့ထွက်ပြီ။
ထွက်ပြီ
Tel: 01-243 542
09-51-73255

ရန်ကင်းမြို့နယ် အမှတ်(၁၃)အခြေခံပညာမူလတန်းကျောင်း ပညာရေးစုံညီပွဲတော် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၆ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပညာရည်ထူးချွန်ဆုရ မောင်ဘုန်းမြတ်မိုရ်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်) ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၄

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်) အကြိုညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက်က ကျောက်တံတားမြို့နယ် လမ်း၄၀ အမှတ် ၂၁၂တွင် ကျင်းပကာ အသင်းသား ဂီတစာဆို တင်အောင်လင်း ရေးသားသီကုံးပြီး တေးသံရှင် ဇော်ဝမ်း၊ သန်းမြတ်စိုး၊ တင်အောင်လင်း၊ မေရွက်ဝါနှင့် မို့မို့ဇော်ဝင်းတို့ သီဆိုထားသည့် သင်္ကြန်တေးသီချင်းအသစ်များအား အသင်းရန်ပုံငွေအတွက် အသင်းသူ၊ အသင်းသားများအား ဖြန့်ချိရောင်းချရန် ညှိနှိုင်းဆုံးဖြတ်ကြသည်။ အသင်းဝင်များ၊ မြို့နယ်သူ၊ မြို့နယ်သားများအနေဖြင့် အသင်းဥက္ကဋ္ဌ ဒေါ်မျိုးမြင့်အေး၊ ဖုန်း-၂၉၁၅၇၃၊ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်မြင့် ဖုန်း-၂၉၁၂၆၄၊ အတွင်းရေးမှူး ဦးစံမြင့် ဖုန်း- ၆၆၃၆၂၇၊ ဘဏ္ဍာရေးမှူး ဒေါ်နွဲ့ရီ ဖုန်း-၀၉၉၈၂၄၅၇၀ နှင့် ကျိုက်ထိုမြို့၌ ဦးသိန်းနိုင်၊ ဦးစိုးဝင်းနှင့် ဦးထွန်းမြင့် တို့ထံတွင် ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။ (က-ပ)

ဇန်နဝါရီ ၆ရက်က ရန်ကုန်တိုင်း တွံတေးမြို့နယ် အထက(ခွဲ) သဝန်းတော ကျေးရွာကျောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာကြီးဦးလှအောင်က သတ္တမတန်း ထူးချွန်ဆုရ မောင်ပြည့်ဖြိုးပိုင်အား ဆုချီးမြှင့်စဉ်။

(ပညာရေး)

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၂၇)နေ **သီရိသုဓမ္မမဏိဇောတဓရ ဦးထွန်းလင်း (MD, Peace Co., Ltd. & PMG Co.,Ltd.)** ၏ဇနီး ဒေါ်ရင်ရင်စိုး (ဒါရိုက်တာ၊ ရင်လင်းဟန်လီမိတက်)အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၇ဖြင့် **သီရိသုဓမ္မသီရီဘွဲ့** ချီးမြှင့်အပ်နှင်းခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အသက်ရာကျော်ရှည်၍ နိုင်ငံနှင့်သာသနာအကျိုး ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

အမှုဆောင်အဖွဲ့
မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)နှင့် မြို့နယ်သူ/သားများ

Ecovision အတွဲ ၁၊ အမှတ် ၂၀
စီးပွားရေးအမြင်ဂျာနယ် ထွက်ပြီ

● မြန်မာအမျိုးသမီး ရုပ်ရှင်ထုတ်လုပ်သူ မိုးသဇ္ဇာထွန်းနဲ့ မျက်နှာချင်းဆိုင် ● အလုပ်မြဲအောင်လုပ်နည်း
● အာဟာရအတွက် ငါး ခနအတွက် ငါး ● ဆက်ဒမ်ဟူစိန်ရဲ့ နောက်ဆုံးရေးခဲ့တဲ့ စာတစ်စောင်
● ထရော်လီ၊ မဲပုံးနဲ့ အစားအစာနိုင်ငံရေးအကြောင်း ● ပန်ကာအောက်က အရောင်းသမားမဖြစ်ပါစေနဲ့
● ပိုက်ဆံ ၂၄ ပြားနဲ့ မြန်မာပြည်မှာ သူဌေးဖြစ်သွားသူ ● တရုတ်နိုင်ငံလုပ် ဖန်ကိုးပန်းချီကားများ
● ရုရှားနိုင်ငံမှ လူချမ်းသာကြီးများအကြောင်း
● ဖွံ့ဖွံ့စည်းစည်းရှိဖို့ လိုတယ်

မျက်နှာဖုံးဆောင်းပါး **ဘောလုံး အကန်ခံရသူများ**

ဖြန့်ချိရေး - အမှတ်(၇၉/၉၁)၊ ၄-လွှာ၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၁၀၃၄၅

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ကျော–ဥမင်–ရေမျက်နီလမ်းပိုင်း တည်ဆောက်ပြီးစီးမှု ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရထားဖြင့် စမ်းသပ်ခုတ်မောင်းစစ်ဆေး

ရင်းရင်းနှီးနှီး နှုတ်ဆက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကျောဘူတာတွင် ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ဇန်နဝါရီ ၁၂ ရက် မွန်းလွဲပိုင်းတွင် ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ကျောဘူတာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် ရင်းနှီးစွာတွေ့ဆုံသည်။

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးသည် ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်းကြူ၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ စီမံကိန်းအင်ဂျင်နီယာ ဦးမောင်မောင်သွင်တို့လိုက်ပါ၍ ကျောဘူတာမှ ခရီးသည်စီးရထားဖြင့် ထွက်ခွာ၍ ကျော–ဥမင်–ရေမျက်နီလမ်းပိုင်း တည်ဆောက်ပြီးစီးနေမှုကို ရထားဖြင့် စမ်းသပ်ခုတ်မောင်းစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပုံညာတောင်ဥမင်အား အရှေ့ဘက်ဝင်လမ်းမှ ရထားဖြင့်ဝင်ရောက်ပြီး ဥမင်နံရံဘေး အချောကိုင်ခြင်း၊ ရေနုတ်မြောင်းပြုလုပ်ခြင်း၊ မီးများတပ်ဆင်ခြင်း၊ လုံခြုံရေး အစီအစဉ်များ ဆောင်ရွက်နေခြင်းတို့ကို စစ်ဆေးသည်။

စာမျက်နှာ ၇ ကော်လံ ၆ သို့ ❁

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို စွက်ဖက်နိုင်ရန် လုံခြုံရေးကောင်စီတွင် မူကြမ်းတင်သွင်းခြင်းကို ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)က ကြေညာချက်ထုတ်ပြန် ဆန့်ကျင်ရှုတ်ချ

ဆုံးဖြတ်ချက် အဆိုမူကြမ်းပါ အကြောင်းပြချက်များသည် မြန်မာနိုင်ငံ၏ အခြေအနေမှန်များကို ထင်ဟပ်မှုမရှိ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အခွင့်အာဏာကို လွဲမှားစွာအသုံးချရန် အားထုတ်မှုမျှသာဖြစ်၍ ယခုလို ရှုံးနိမ့်ရ

လုံခြုံရေးကောင်စီ၊ ပြည်ပနိုင်ငံကြီးများမှ မြန်မာ့နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းတောင်းဆိုနေခဲ့ကြသည့် ပြည်တွင်း ပြည်ပရှိ ဒီမိုကရေစီလှုပ်ရှားသူများအမည်ခံ အမျိုးသားသစ္စာဖောက်များ၏ လုပ်ရပ်များကို ပြင်းထန်စွာရှုတ်ချ

နေပြည်တော် ဇန်နဝါရီ ၁၄

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက် ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)က ဇန်နဝါရီ ၁၄ ရက် ယနေ့တွင် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထား ထုတ်ပြန်ကြေညာချက်တွင် မြန်မာနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဝင်ရောက်စွက်ဖက် အရေးယူဆောင်ရွက်ရန် အမေရိကန်နှင့် ဗြိတိန်တို့ ပူးတွဲတင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုမူကြမ်းကို ၁၂–၁–၂၀၀၇ ရက်နေ့က လုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်၍ ပယ်ချလိုက်သည်ကို ကြားသိရကြောင်း။

မြန်မာနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဝင်ရောက်စွက်ဖက်အရေးယူဆောင်ရွက်ရန် ထောက်ခံမဲပေးခဲ့ကြသည့် နိုင်ငံများမှာ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ဂါနာ၊ ပီရူး၊ ဆလိုဗက်ကီးယား၊ ပနားမားနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ဖြစ်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာသုံး၍ ကန့်ကွက်ပယ်ချခဲ့ကြကြောင်း၊ တောင်အာဖရိကနိုင်ငံကလည်း ကန့်ကွက်မဲပေးခဲ့ကြောင်း၊ အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာနိုင်ငံတို့က ကြားနေမဲပေးခဲ့ကြသည်ဟု ကြားသိရကြောင်း။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မြန်မာနိုင်ငံအား ဝင်ရောက်စွက်ဖက် အရေးယူဆောင်ရွက်ရန် အမေရိကန်နှင့် ဗြိတိန်တို့ ကမကထပြု ပူးတွဲတင်သွင်းခဲ့သော ဆုံးဖြတ်ချက် အဆိုမူကြမ်းတွင် ပါရှိသည့် အကြောင်းပြချက်များသည် မြန်မာနိုင်ငံ၏ လက်ရှိအမှန်တကယ်ဖြစ်ပေါ်နေသော အခြေအနေမှန်များကို ထင်ဟပ်မှုမရှိဘဲ အင်အားကြီးနိုင်ငံများ၏ အရှိန်အဝါကိုသုံး၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အခွင့်အာဏာကို လွဲမှားစွာအသုံးချရန် ပြုလုပ်အားထုတ်မှုမျှသာဖြစ်နေသဖြင့် ယခုကဲ့သို့ ရှုံးနိမ့်သွားခဲ့ရခြင်းဖြစ်ကြောင်း။

မိမိတို့ ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)အနေဖြင့်—

(က) ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ်ကို ယနေ့ထိတိုင် တရားသေဆုပ်ကိုင်ထားမှုနှင့် ဒေါ်အောင်ဆန်းစုကြည်ကို တရားဝင်ခေါင်းဆောင်အဖြစ် ပါဝင်ခွင့်ပေးပြီး တပ်မတော်အစိုးရနှင့် တွေ့ဆုံဆွေးနွေးရေး တောင်းဆိုနေမှု။

(ခ) အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကြွေးကြော်ပြီး တပ်မတော်အစိုးရအား ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေး ပြုလုပ်နေမှု။

(ဂ) ပြည်ပနိုင်ငံများမှ မြန်မာ့အရေးတွင် ပြေလည်မှုမရနိုင်သည့် နည်းလမ်းများ သုံး၍ ဝင်ရောက်စွက်ဖက်နေမှု။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ●